ကြေးမုံ
The Mirror
၁၃၇၃ ခုနှစ်၊ နယုန်လဆန်း ၉ ရက်၊ သောကြာနေ့၊ (10-6-2011) (၆၇၈၆)

နိုင်ငံရေး ဦးတည်ချက် (၄)ရပ်	စီးပွားရေး ဦးတည်ချက် (၄)ရပ်	လူမှုရေး ဦးတည်ချက် (၄)ရပ်
☆ နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး	☆ စိုက်ပျိုးရေးကို ပိုမိုဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်ပြီး ခေတ်မီစက်မှုနိုင်ငံထူထောင်ရေးနှင့် အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး	☆ တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
☆ အမျိုးသား စည်းလုံးညီညွတ်မှု ခိုင်မာရေး	☆ ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး	☆ အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
☆ စည်းကမ်းပြည့်ဝသော ဒီမိုကရေစီစနစ် ရှင်သန်ခိုင်မာအောင် တည်ဆောက်ရေး	☆ ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး	☆ စစ်မှန်သော မျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
☆ ဖွဲ့စည်းပုံ အခြေခံဥပဒေနှင့်အညီ ခေတ်မီ ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ် တည်ဆောက်ရေး	☆ နိုင်ငံတော်၏ စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး	☆ တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်

ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ ဒုတိယဝန်ကြီးချုပ် ခေါင်းဆောင်သော ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့အား လက်ခံတွေ့ဆုံ

နေပြည်တော် ဇွန် ၉

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ်၏ အထူးကိုယ်စားလှယ် ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ ဒုတိယဝန်ကြီးချုပ် H.E. Mr. Hoang Trung Hai ခေါင်းဆောင်သော ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့အား ယနေ့ညနေ ၃ နာရီ မိနစ် ၄၀ တွင် နေပြည်တော်ရှိ နိုင်ငံတော်သမ္မတရုံး ဧည့်ခန်းမဆောင်၌ လက်ခံတွေ့ဆုံသည်။

တက်ရောက်

ထိုသို့ လက်ခံတွေ့ဆုံရာတွင် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့်အတူ ဒုတိယသမ္မတ သီဟသူရ ဦးတင်အောင်မြင့်ဦး၊ ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်လှမင်း၊ ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးကိုကို၊ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြင့်လှိုင်၊ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးလှထွန်း၊ ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်မြင့်၊ အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာနနှင့် မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်နိုင်သိန်း၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းမြင့်၊ သတ္တုတွင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသိန်းထိုက်၊ သမ္မတရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးစိုးမောင်၊ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမောင်မြင့်၊ နိုင်ငံတော်သမ္မတရုံး ညွှန်ကြားရေးမှူးချုပ် ဦးမင်းဇော်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန သံတမန်ရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကျော်ကျော်တို့ တက်ရောက်ကြပြီး ဧည့်သည်တော် ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ ဒုတိယဝန်ကြီးချုပ် H.E. Mr. Hoang Trung Hai ခေါင်းဆောင်သော ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့နှင့်အတူ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဆိုင်ရာ ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ သံအမတ်ကြီး H.E. Mr. Chu Cong Phung နှင့် သံရုံးမှ တာဝန်ရှိသူများလည်း တက်ရောက်ကြသည်။

(သတင်းစဉ်)

နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ်၏ အထူးကိုယ်စားလှယ် ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ ဒုတိယဝန်ကြီးချုပ် H.E. Mr. Hoang Trung Hai အား ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။ (သတင်းစဉ်)

နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ်၏ အထူးကိုယ်စားလှယ် ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ ဒုတိယဝန်ကြီးချုပ် H.E. Mr. Hoang Trung Hai ခေါင်းဆောင်သော ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့အား နေပြည်တော်ရှိ နိုင်ငံတော်သမ္မတရုံး ဧည့်ခန်းမဆောင်၌ လက်ခံတွေ့ဆုံစဉ်။ (သတင်းစဉ်)

မြကြေးမုံ The Mirror ၁၀ - ၆ - ၂၀၁၁ (သောကြာနေ့)

ခရီးသည်နှင့် ကုန်စည်ဝန်ဆောင်မှုအကျိုးပြု ရထားလမ်းများ

နိုင်ငံတကာ၌ ပြောင်းလဲတိုးတက်လာသော နည်းပညာသစ်များနှင့်အတူ သယ်ယူပို့ဆောင်ရေးကဏ္ဍသစ်များ ပေါ်ထွက်လာနေပြီ။ သို့သော် စရိတ်စကလည်းသက်သာ၊ ကုန်ပစ္စည်းလည်း များများသယ်ယူနိုင်သည့် ရထားပို့ဆောင်ရေးလုပ်ငန်းသည် အားထားနေရသော ဝန်ဆောင်မှုလုပ်ငန်းအဖြစ် ရပ်တည်နေဆဲဖြစ်သည်။

ယခုအခါ နိုင်ငံတစ်ဝန်း၌ ကုန်သွယ်စီးပွားဖွံ့ဖြိုးမှု အကျိုးပြု ရထားလမ်းသစ်များစွာကို ဖောက်လုပ်လျက်ရှိသည်။ မူလရှိပြီးသား ရထားလမ်းများနှင့်ဆက်စပ်ပြီး မီးရထားကွန်ရက်ကို အကောင်အထည်ဖော်နေသည်။ ယခင်ကာလက ရထားလမ်းမပေါက်ရောက်ခဲ့သည့် တိုင်းဒေသကြီးနှင့် ပြည်နယ်အနှံ့တွင် ရထားလမ်းသစ်များ ဖောက်လုပ်ပေးခဲ့ရာ ဒေသခံပြည်သူများ ကူးသန်းဆက်သွယ်သွားလာမှု လွယ်ကူချောမွေ့နေကြပေပြီ။

တနင်္သာရီတိုင်းဒေသကြီးတွင် ရန်ကုန်-မော်လမြိုင်-ရေး-ထားဝယ်-မြိတ်-ကော့သောင်း ကားလမ်းမကြီး ဖောက်လုပ်ပေးထားရာ လမ်းမကြီးဖြတ်သန်းရာ နယ်မြေဒေသတစ်လျှောက် ကားလမ်းဖြင့် ဆက်စပ်သွားလာနိုင်ကြပြီ ဖြစ်သည်။ ရထားလမ်းအနေဖြင့် မွန်ပြည်နယ် မော်လမြိုင်မြို့မှ တနင်္သာရီတိုင်းဒေသကြီး ထားဝယ်မြို့အထိ ဖောက်လုပ်ပေးနိုင်ခဲ့ပြီ။ ထားဝယ်မြို့မှ မြိတ်မြို့အထိ ၁၃၂ မိုင်ကျော် ရှည်သည့် ရထားလမ်းသစ်ကို ဖောက်လုပ်လျက်ရှိသည်။

အဆိုပါ ထားဝယ်-မြိတ် ရထားလမ်းဖောက်လုပ်ရေးစီမံကိန်း၏ ထားဝယ်-သရက်ချောင်း ရထားလမ်းပိုင်းသစ်ကို ဇွန် ၄ ရက်က ဖွင့်လှစ်လိုက်သည်။ ရထားလမ်းအရှည် ၁၉ မိုင်ကျော်ရှိပြီး ဒေသအတွင်း ခရီးသွားလာမှု လွယ်ကူလျင်မြန်ရေး အကျိုးပြုနေပြီဖြစ်သည်။

တနင်္သာရီတိုင်းဒေသကြီးအတွင်း ကားလမ်းသာမက ရထားလမ်းပါ တိုးချဲ့ဖောက်လုပ်လာနိုင်သည့်အတွက် သွားလာပို့ဆောင်ရေး ပိုမိုချောမွေ့လာမည်ဖြစ်သည်။ ထားဝယ်-မြိတ် ရထားလမ်းမကြီးပြီးစီးပါက မြိတ်မြို့မှ မွန်ပြည်နယ် မော်လမြိုင်မြို့၊ ပဲခူးတိုင်းဒေသကြီး နယ်မြေများကို ဖြတ်ကျော်၍ နိုင်ငံတစ်နံတစ်လျား မီးရထားဖြင့် ခရီးသွားလာနိုင်ကြမည်ဖြစ်သည်။

မြန်မာ့မီးရထား၏ ကြိုးပမ်းမှုနှင့်အတူ ဧရာဝတီမြစ်အနောက်ဘက်ခြမ်းတွင်လည်း ရထားလမ်းသစ်ကွန်ရက်များ တိုးချဲ့ဖောက်လုပ်နေပြီ။ ပြီးစီးသည့် ရထားလမ်းပိုင်းများဖွင့်လှစ်၍ ဒေသခံပြည်သူများ သွားလာနေကြပြီ။ ထားဝယ်-မြိတ် ရထားလမ်းမကြီးအပါအဝင် ဖောက်လုပ်ဆဲ ရထားလမ်းစီမံကိန်းများလည်း ရှိသည်။ ရထားလမ်းပိုင်းများအချိန်စော၍ ဖွင့်လှစ်နိုင်သည်နှင့်အမျှ ခရီးသည်နှင့် ကုန်စည်ဝန်ဆောင်မှုလုပ်ငန်းများ ပိုမိုတိုးတက်ကောင်းမွန်လာမည် ဖြစ်ပါသည်။ ။

မြဝတီရုပ်မြင်သံကြား အစီအစဉ်

၁၀-၆-၂၀၁၁ (သောကြာနေ့)

နံနက်ပိုင်း

၇း၀၅ ၁။ နိုင်ငံတော်သီချင်း
၇း၁၀ ၂။ တရားတော်
၇း၁၅ ၃။ ဓမ္မပူဇာတေး
၇း၂၀ ၄။ မျိုးချစ်တပ်မတော်
၇း၂၅ ၅။ မြန်မာ့ရှုခင်း
၇း၃၀ ၆။ မြန်မာသံစဉ်ချိုနားဝင်
၇း၄၅ ၇။ သာယာသီကြွေး ခေတ်ဆန်းတေး
၇း၅၅ ၈။ အမျိုးသားရေးတေးကဗျာ
၈း၀၀ ၉။ မြဝတီရုပ်မြင်သံကြား သတင်း
၈း၁၀ ၁၀။ အမျိုးသားရေးတေးကဗျာ

ညပိုင်း

၄း၀၅ ၁။ နိုင်ငံတော်သီချင်း
၄း၁၀ ၂။ အဖွင့်သီချင်း
၄း၁၅ ၃။ မျိုးချစ်တပ်မတော်
၄း၂၀ ၄။ မဟာဂီတချိုကြည်မြ
၄း၃၀ ၅။ ဇာတ်လမ်းတို
၄း၃၅ ၆။ ရင်မှာစွဲလမ်းတော်ဝင်ပန်း
၄း၄၅ ၇။ ရင်ခုန်စီးဆင်း အချစ်သီချင်း
၄း၅၅ ၈။ အိုင်စီတီသုတ
၅း၀၀ ၉။ သာယာသီကြွေး ခေတ်ဆန်းတေး
၅း၃၀ ၁၀။ သဘာဝပတ်ဝန်းကျင်နှင့် တောတွင်းတိရစ္ဆာန်များ -ရေအောက်ကမ္ဘာက သက်ရှိသတ္တဝါများ (အပိုင်း-၁၅)
၆း၀၀ ၁၁။ မြဝတီရုပ်မြင်သံကြား သတင်း
၆း၁၀ ၁၂။ အမျိုးသားရေးတေးကဗျာ
၆း၃၀ ၁၃။ "ရွာ"ဟာသဇာတ်လမ်းတွဲ
၆း၄၅ ၁၄။ စောင့်မျှော်ရှုစား ကြိုးဝိုင်းစကား
၇း၀၀ ၁၅။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း -လမင်းနေမင်း ကြယ်တစ်စင်း (အပိုင်း-၂၀)**
၈း၀၀ ၁၆။ မြဝတီရုပ်မြင်သံကြားသတင်း
၁၇။ အမျိုးသားရေးတေးကဗျာ
၁၈။ ဒို့တာဝန်အရေး(၃)ပါး
၁၉။ နိုင်ငံတကာသတင်း
၂၀။ မိုးလေဝသသတင်း
၂၁။ စိုက်ပျိုးသုတ
၂၂။ သံစဉ်များနှင့်ကမ္ဘာ
၂၃။ မြဝတီရုပ်မြင်သံကြား မဂ္ဂဇင်းကဏ္ဍ
၂၄။ ယနေ့ညအတွက်မြဝတီ၏ တေးလက်ဆောင်
၂၅။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း -အချစ်တို့တည်ရာ (အပိုင်း-၂၅)**
၂၆။ ကမ္ဘာတစ်ခွင်ခရီးစဉ်

သစ်တောနဲ့သစ်ပင် ချစ်ခင်တဲ့လူမျိုး သစ်ပင်ကို နှစ်စဉ်စိုက် ရှေ့တိုက်ကိုစိုး

စစ်မှန်သော မျိုးချစ်စိတ်ဓာတ်

- ပြည်ထောင်စု၏ မည်သည့်နေရာဒေသတွင် နေထိုင်သည်ဖြစ်စေ ခိုင်မြဲသည့် ပြည်ထောင်စုစိတ်ဓာတ် ထားရှိမွေးမြူသွားကြရန် အလွန်အရေးကြီးသည်။
- ပြည်ထောင်စုစိတ်ဓာတ်သည်သာလျှင် တိုင်းရင်းသားအားလုံး ထာဝစဉ် ထိန်းသိမ်းစောင့်ရှောက်သွားရမည့် စစ်မှန်သောမျိုးချစ်စိတ်ဓာတ် ဖြစ်သည်။

ပြည်သူ့သဘောထား

- ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော် တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအားဆန့်ကျင်ကြ။
- ပြည်တွင်း ပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ်၏ အထူးကိုယ်စားလှယ် ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ ဒုတိယဝန်ကြီးချုပ် H.E. Mr. Hoang Trung Hai လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြင့်လှိုင်အား လာရောက်တွေ့ဆုံစဉ်။ (သတင်းစဉ်)

ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ ဒုတိယဝန်ကြီးချုပ် ပြည်ထောင်စုဝန်ကြီး ဦးမြင့်လှိုင်အား လာရောက်တွေ့ဆုံ

နေပြည်တော် ဇွန် ၉

ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ်၏ အထူးကိုယ်စားလှယ် ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ ဒုတိယဝန်ကြီးချုပ် H.E. Mr. Hoang Trung Hai သည် လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြင့်လှိုင်အား ယနေ့ နံနက် ၁၁ နာရီတွင် နေပြည်တော်ရှိ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီးရုံး ဧည့်ခန်းမ၌ လာရောက်တွေ့ဆုံပြီး မြန်မာ-ဗီယက်နမ် နှစ်နိုင်ငံ ချစ်ကြည်ရင်းနှီးမှု ပိုမိုတိုးတက်စေရေး၊ နှစ်နိုင်ငံဝန်ကြီးဌာနများနှင့် ပုဂ္ဂလိက လယ်ယာစိုက်ပျိုးရေးနှင့် မွေးမြူရေးကဏ္ဍများတွင် ပူးပေါင်းဆောင်ရွက်မှုနှင့် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရေးတို့နှင့် စပ်လျဉ်း၍ ဆွေးနွေးခဲ့ကြသည်။

ထို့အပြင် နှစ်နိုင်ငံအကြား စိုက်ပျိုးရေးနှင့် မွေးမြူရေးကဏ္ဍများတွင် ရေရှည်အကျိုးအမြတ် ဖြစ်ထွန်းမှုရှိစေရေး၊ နိုင်ငံတော်၏ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု ဥပဒေများနှင့်အညီ စိုက်ပျိုးရေးအခြေခံ စက်မှုကဏ္ဍ၌ ကုန်ကြမ်းအဆင့်သာမက ကုန်ချောထုတ်လုပ်မှုလုပ်ငန်းများတွင် Product Sharing Contract စနစ်ဖြင့် ဘက်စုံ ပူးပေါင်းဆောင်ရွက်ရေးကိစ္စရပ်များအပေါ် ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ် ဆွေးနွေးခဲ့ကြသည်။

အဆိုပါ တွေ့ဆုံပွဲသို့ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီးများဖြစ်ကြသည့် ဦးအုန်းသန်းနှင့် ဦးခင်ဇော်၊ ဌာနဆိုင်ရာအကြီးအကဲများနှင့် တာဝန်ရှိသူများ တက်ရောက်ကြပြီး ဗီယက်နမ် ဒုတိယဝန်ကြီးချုပ်နှင့်အတူ အဖွဲ့ဝင်အဖြစ်လိုက်ပါလာသည့် ဗီယက်နမ်ဆောက်လုပ်ရေးဝန်ကြီးဌာန ဝန်ကြီး H.E. Mr. Nguyen Hong Quan နှင့် ဒုတိယဝန်ကြီးများ၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဆိုင်ရာ ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ သံအမတ်ကြီး H.E. Mr.Chu Cong Phung နှင့် တာဝန်ရှိသူများ တက်ရောက်ကြကြောင်း သိရှိရသည်။ (သတင်းစဉ်)

ရန်ကုန်မြို့ လမ်းမတော်မြို့နယ်နေ ဦးကျင်မောင်-ဒေါ်စိန်စိန် မိသားစုက ဇီဝိတဒါန သံဃာ့ဆေးရုံကြီး(ရန်ကုန်)တွင် ဆောက်လုပ်နေသော သံဃာဆေးကုသဆောင်သစ်ကြီးတွင် သံဃာပြင်ပလူနာဌာနခန်းမကြီးနှင့် လူနာစောင့်ထိုင်ခုံများအတွက် အလှူငွေနှင့် ဆွမ်းတစ်နေ့တာ စုစုပေါင်း အလှူငွေကျပ် ၂၂၂ သိန်းကို ပေးအပ်လှူဒါန်းရာ ဆေးရုံအုပ်ချုပ်ရေးအဖွဲ့ ဂုဏ်ထူးဆောင်နာယက ဗိုလ်မှူးချုပ်တင့်ဆွေ(ငြိမ်း)၊ အတွင်းရေးမှူး ဦးသိန်းအောင်နှင့် တွဲဖက်အတွင်းရေးမှူး(၁) ဦးဝင်းလွင်တို့ လက်ခံကြစဉ်။

(ဇီဝိတဒါနသံဃာ့ဆေးရုံ)

ကျန်းမာရေးအသိပညာပေးဟောပြော၊ အလှူငွေလှူဒါန်း

ရန်ကုန် ဇွန် ၉

ကျန်းမာရေးဆိုင်ရာ အသိပညာပေး ဟောပြောပွဲအခမ်းအနားကို မေ ၂၈ ရက်က ရန်ကုန်မြို့ Chatrium ဟိုတယ်၌ ကျင်းပရာ နှလုံးရောဂါကုသမှုနည်းလမ်း၊ ဆေးကုသရေးဝန်ဆောင်မှု၊ ကျောရိုးနှင့်အရိုး၊ အစာအိမ်နှင့် အူလမ်းကြောင်း ခွဲစိတ်ကုသမှုနှင့် ဓာတ်မှန်အကြောင်းတို့ကို ကျောက်ဖရားဆေးရုံမှ ပါမောက္ခ ဆရာဝန်ကြီးများနှင့် မြန်မာဆရာဝန်ကြီးများက ဟောပြောကြသည်။

ထို့နောက် Life Health Care Services MD ဒေါက်တာဖြူတီက မြန်မာနိုင်ငံ ဆရာဝန်အသင်းသို့ အလှူငွေကျပ် နှစ်သိန်းလှူဒါန်းရာ မြန်မာနိုင်ငံ ဆရာဝန်အသင်း ဒုတိယဥက္ကဋ္ဌ ပါမောက္ခဒေါက်တာ ခင်မောင်အေးက လက်ခံရယူခဲ့ကြောင်း သိရသည်။**(အပေါ်ပုံ)** (ကြေးမုံ)

မြန်မာ-ဗီယက်နမ် နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ နားလည်မှုစာချွန်လွှာများ အသီးသီးလက်မှတ်ရေးထိုးလဲလှယ်

ဒုတိယသမ္မတ သီဟသူရဦးတင်အောင်မြင့်ဦးနှင့် ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ ဒုတိယဝန်ကြီးချုပ်တို့၏ရှေ့မှောက်၌ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် မွေးမြူရေးနှင့်ရေလုပ်ငန်းဝန်ကြီးဌာနနှင့် ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ စိုက်ပျိုးရေးနှင့် ကျေးလက်ဖွံ့ဖြိုးတိုးတက်ရေးဝန်ကြီးဌာနတို့အကြား အသားကဏ္ဍဆိုင်ရာ နားလည်မှုစာချွန်လွှာကို မွေးမြူရေးနှင့်ရေလုပ်ငန်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးခင်မောင်အေးနှင့် ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ စိုက်ပျိုးရေးနှင့် ကျေးလက်ဖွံ့ဖြိုးတိုးတက်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး Mr.Hoang Van Thang တို့ လက်မှတ်ရေးထိုးကြစဉ်။ (သတင်းစဉ်)

○ ကျောဖုံးမှ

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်ဆိုင်ရာ ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ သံအမတ်ကြီး H.E. Mr. Chu Cong Phung တို့ တက်ရောက်ကြသည်။

တွေ့ဆုံဆွေးနွေးပွဲတွင် ဒုတိယသမ္မတ သီဟသူရ ဦးတင်အောင်မြင့်ဦးက အဆွေတော် ဒုတိယဝန်ကြီးချုပ် ဦးဆောင်သော ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့အား ကြိုဆိုပါကြောင်းနှင့် မြန်မာနိုင်ငံ၏ နိုင်ငံခြားရေးမူဝါဒကို ရှင်းလင်းပြောကြားပြီး နိုင်ငံတကာနှင့် ဒေသတွင်းဆိုင်ရာကိစ္စရပ်များတွင် မြန်မာနိုင်ငံအပေါ် ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံက ထောက်ခံအားပေးမှုများကိုကျေးဇူးတင်ရှိပါကြောင်းဖြင့် ပြောကြားသည်။

ဆွေးနွေး

ထို့နောက် ဒုတိယသမ္မတ သီဟသူရ ဦးတင်အောင်မြင့်ဦး ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့နှင့် ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ ဒုတိယဝန်ကြီးချုပ် ဦးဆောင်သော ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့တို့သည် နှစ်နိုင်ငံ အကျိုးတူပူးပေါင်းဆောင်ရွက်မှု ပိုမိုမြင့်တင်ရေးဆိုင်ရာ ကိစ္စရပ်များကို ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ် ဆွေးနွေးကြသည်။

တွေ့ဆုံဆွေးနွေးပွဲအပြီးတွင် နှစ်နိုင်ငံ နားလည်မှုစာချွန်လွှာများ လက်မှတ်ရေးထိုးပွဲ အခမ်းအနားကို ဆက်လက်ကျင်းပသည်။

အခမ်းအနားတွင် ဒုတိယသမ္မတ သီဟသူရ ဦးတင်အောင်မြင့်ဦးနှင့် ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ ဒုတိယဝန်ကြီးချုပ်တို့၏ ရှေ့မှောက်၌ မြန်မာ-ဗီယက်နမ် နှစ်နိုင်ငံ ဘဏ္ဍာရေးဝန်ကြီးဌာနများအကြား ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ နားလည်မှုစာချွန်လွှာကို ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဝင်းသန်းနှင့် ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ ဘဏ္ဍာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး Mr. Nguyen Cong Nghiep တို့က လည်းကောင်း၊ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာနနှင့် ဗီယက်နမ် ဆိုရှယ်လစ်သမ္မတနိုင်ငံ စိုက်ပျိုးရေးနှင့် ကျေးလက်ဖွံ့ဖြိုးတိုးတက်ရေးဝန်ကြီးဌာနတို့အကြား အသားကဏ္ဍဆိုင်ရာ နားလည်မှုစာချွန်လွှာကို မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးခင်မောင်အေးနှင့် ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ စိုက်ပျိုးရေးနှင့် ကျေးလက်ဖွံ့ဖြိုးတိုးတက်ရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီး Mr. Hoang Van Thang တို့ကလည်းကောင်း အသီးသီး လက်မှတ်ရေးထိုးကြပြီး စာချွန်လွှာများကို အပြန်အလှန် လဲလှယ်ကြသည်။

ဒုတိယသမ္မတ သီဟသူရဦးတင်အောင်မြင့်ဦးသည် ဧည့်သည်တော် ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ ဒုတိယဝန်ကြီးချုပ် ခေါင်းဆောင်သော ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့အား ညပိုင်းတွင် နေပြည်တော်ရှိ မြတ်တော်ဝင်ဟိုတယ်၌ ဂုဏ်ပြုညစာဖြင့် တည်ခင်းဧည့်ခံသည်။ (သတင်းစဉ်)

ပိတ်ဆို့ကန့်သတ်မှုများသည် ဖွံ့ဖြိုးတိုးတက်မှုအပါအဝင် မြန်မာပြည်သူများ၏ အခြေခံလူ့အခွင့်အရေးများကို အကျိုးမဖြစ်ထွန်း

နေပြည်တော် ဇွန် ၉

နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင် ခေါင်းဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် ဟန်ဂေရီနိုင်ငံ ဘူဒါပက်စ်မြို့နှင့် ဂိုဒိုလိုမြို့တို့၌ ဇွန် ၆ ရက်မှ ၇ ရက်အထိ ကျင်းပသည့် အာရှ-ဥရောပဆွေးနွေးပွဲ(အေဆမ်) (၁၀)ကြိမ်မြောက် နိုင်ငံခြားရေးဝန်ကြီးများ အစည်းအဝေးသို့ တက်ရောက်ခဲ့ပြီး ယနေ့နံနက်ပိုင်းတွင် လေကြောင်းခရီးဖြင့် ပြန်လည်ရောက်ရှိသည်။

နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင် ခေါင်းဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့ အာရှ- ဥရောပဆွေးနွေးပွဲ(အေဆမ်) (၁၀)ကြိမ်မြောက် နိုင်ငံခြားရေးဝန်ကြီးများ အစည်းအဝေးသို့ တက်ရောက်စဉ်။(သတင်းစဉ်)

ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်သည် ဇွန် ၆ ရက် မွန်းလွဲပိုင်းတွင် ဥရောပသမဂ္ဂအဆင့်မြင့် ကိုယ်စားလှယ်နှင့် ဥရောပကော်မရှင် ဒုတိယအကြီးအကဲ မစ္စကက်သရင်း အက်ရှ်တန်နှင့် ဟန်ဂေရီနိုင်ငံခြားရေးဝန်ကြီး မစ္စတာ ရာနိုးစ်မာတိုညီတို့က ပူးတွဲသဘာပတိအဖြစ် ဆောင်ရွက်သော အလုပ်သဘောနေ့လယ်စာစားပွဲသို့ တက်ရောက်သည်။ အဆိုပါ နေ့လယ်စာစားပွဲသို့ အေဆမ်အဖွဲ့ဝင် (၄၈)နိုင်ငံမှ နိုင်ငံခြားရေးဝန်ကြီးများနှင့် ကိုယ်စားလှယ်များ တက်ရောက်ကြသည်။

အလုပ်သဘော နေ့လယ်စာစားပွဲတွင် အေဆမ်နိုင်ငံခြားရေးဝန်ကြီးများသည် ဥရောပ၊ အာရှ၊ အရှေ့အလယ်ပိုင်းနှင့် အာရပ်ကမ္ဘာတို့၌ ဖြစ်ပေါ်ခဲ့သည့် အခြေအနေများအပါအဝင် ဒေသဆိုင်ရာ ကိစ္စရပ်များအပေါ် ဆွေးနွေးအမြင်ချင်းဖလှယ်ခဲ့ကြပြီး ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်က ရှင်းလင်းပြောကြားရာတွင် နိုင်ငံတော်၏ ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ ရွေးချယ်တင်မြှောက်ခံရသော ကိုယ်စားလှယ်များ တက်ရောက်သည့် လွှတ်တော်အသီးသီး၏ ပထမအကြိမ် အစည်းအဝေးများ အောင်မြင်စွာ ကျင်းပခဲ့ပြီး မတ် ၃၀ ရက်တွင် မြန်မာနိုင်ငံ၌ အစိုးရသစ် ပေါ်ပေါက်လာခဲ့ကြောင်း၊ မြန်မာနိုင်ငံတွင် ဆယ်စုနှစ်(၅)စုနီးပါး အချိန်ကာလအတွင်း ပါလီမန်ဒီမိုကရေစီစနစ်အရ ပထမဆုံးအကြိမ် ဒီမိုကရေစီနည်းလမ်းဖြင့် ရွေးချယ်တင်မြှောက်ခြင်းခံရသည့် အစိုးရဖြစ်ကြောင်း၊ နိုင်ငံတော်သမ္မတ ဦးသိန်းစိန်က မတ် ၃၀ ရက်တွင် လွှတ်တော်၌ ပြောကြားသည့် မိန့်ခွန်းတွင် အစိုးရ၏ရှေ့ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းများနှင့် မူဝါဒလမ်းညွှန်ချက်များကို ထည့်သွင်းပြောကြားခဲ့ကြောင်း၊ ယင်းမိန့်ခွန်းကို ပြည်သူများက လက်ခံကြသကဲ့သို့ နိုင်ငံတကာ အသိုက်အဝန်းကလည်း ကြိုဆိုခဲ့ကြကြောင်း ပြောကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးက နိုင်ငံတော်တည်ဆောက်ရေးနှင့် အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေးနှင့် စပ်လျဉ်း၍ တိုင်းရင်းသား စည်းလုံးညီညွတ်ရေး၊ ပြည်သူများ၏ စီးပွားရေးနှင့် လူမှုရေး ဖွံ့ဖြိုးတိုးတက်ရေးတို့သည် အစိုးရက ဆောင်ရွက်မည့် အစီအစဉ်များတွင် အထူးဦးစားပေး ဆောင်ရွက်ရမည့် လုပ်ငန်းများဖြစ်ကြကြောင်း၊ အစိုးရအနေဖြင့် ပွင့်လင်း၍ မှန်ကန်သည့် ဈေးကွက်စီးပွားရေးကို အခြေခံပြီး ခိုင်မာသော စီးပွားရေးအခြေခံကောင်းများကို ဖန်တီး၍ တိုင်းရင်းသားအားလုံး၏ လူမှုစီးပွားဘဝတိုးမြှင့်ရေးနှင့် ပညာရေးနှင့် ကျန်းမာရေးအဆင့်အတန်း တိုးမြှင့်ရေးတို့ကို ဆောင်ရွက်မည်ဖြစ်ကြောင်း၊ ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ လူ့အခွင့်အရေးကို တိုးမြှင့်ကာကွယ်ရေးတို့ကို ဆောင်ရွက်မည်ဖြစ်ကြောင်း၊ နိုင်ငံတော်၏ မူဝါဒလမ်းစဉ်(၇)ရပ်နှင့် နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေကို လက်မခံလိုသည့် လူပုဂ္ဂိုလ်များနှင့် အဖွဲ့အစည်းများ ပြည်တွင်း ပြည်ပတွင် ရှိနေကြကြောင်း၊ ၎င်းတို့အနေဖြင့် နိုင်ငံတော်နှင့် ပြည်သူများ၏ အကျိုးစီးပွားကို အမှန်တကယ် ဆောင်ရွက်လိုသောဆန္ဒရှိပါလျှင် နိုင်ငံရေးလုပ်ငန်းစဉ်တွင် ပါဝင်ပြီး ရွေးကောက်ပွဲများ၌ ဝင်ရောက်အရွေးခံ၍ ရွေးချယ်တင်မြှောက်ခံ ကိုယ်စားလှယ်များအဖြစ် လွှတ်တော်၌ နိုင်ငံရေးရာကိစ္စရပ်များကို ဆွေးနွေးဆောင်ရွက်ရာတွင် ပါဝင်ဆောင်ရွက်သင့်ကြောင်း၊ လွှတ်တော်သည်သာ နိုင်ငံတော်၏ အနာဂတ်အတွက် ဆွေးနွေးမှုများ ပြုလုပ်ရန် အသင့်လျော်ဆုံးနေရာဖြစ်ကြောင်း၊ ဖွဲ့စည်းပုံ အခြေခံဥပဒေနှင့်အညီ နိုင်ငံရေးလုပ်ငန်းစဉ်တွင် ပါဝင်ဆောင်ရွက်လိုသူများအတွက် အစဉ်တံခါးဖွင့်ထားပါကြောင်း၊ မြန်မာနိုင်ငံနှင့် ဥရောပသမဂ္ဂ(အီးယူ)တို့၏ ဆက်ဆံရေးနှင့်ပတ်သက်၍ အီးယူသည် ၁၉၉၀ ပြည့်နှစ်မှစတင်၍ လူ့အခွင့်အရေးနှင့် ဒီမိုကရေစီတို့ကို အကြောင်းပြုကာ မြန်မာနိုင်ငံအပေါ် တစ်ဖက်သတ် ပိတ်ဆို့ကန့်သတ်မှုများကို ပြုလုပ်ခဲ့ကြောင်း၊ အီးယူ၏ ဘုံရပ်တည်ချက်အရ ချမှတ်သော ယင်းပိတ်ဆို့ကန့်သတ်မှုများကို ၂၀၀၄ ခုနှစ်မှ စတင်၍ နှစ်စဉ် သက်တမ်းတိုးမြှင့်ခဲ့ကြောင်း၊ ယင်းပိတ်ဆို့ကန့်သတ်မှုများသည် ဖွံ့ဖြိုးတိုးတက်မှု အပါအဝင် မြန်မာပြည်သူများ၏ အခြေခံလူ့အခွင့်အရေးများကို မည်သို့မျှ အကျိုးမဖြစ်ထွန်းစေခဲ့ကြောင်း၊ မြန်မာနိုင်ငံအနေဖြင့် အီးယူအပါအဝင် နိုင်ငံအားလုံးနှင့်ဆက်ဆံရေး တိုးတက်ရန် သန္နိဋ္ဌာန်ချထားကြောင်း၊ အပြုသဘောဆောင်မှု၊ အပြန်အလှန် နားလည်မှုနှင့် တန်းတူရည်တူရှိမှုတို့အပေါ် အခြေခံ၍ ပြည်သူများ၏ အကျိုးစီးပွားအတွက် အီးယူနှင့် လက်တွဲဆောင်ရွက်သွားနိုင်မည်ဟု မျှော်လင့်ကြောင်း ပြောကြားခဲ့သည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးသည် အေဆမ်နိုင်ငံခြားရေးဝန်ကြီးများ အစည်းအဝေး၏ ပထမပိုင်းနှင့် ဒုတိယပိုင်း စုံညီအစည်းအဝေးများသို့ တက်ရောက်ခဲ့သည်။ ယင်းအစည်းအဝေးများတွင် အေဆမ်နိုင်ငံခြားရေးဝန်ကြီးများသည် သမားရိုးကျမဟုတ်သော လုံခြုံရေးဆိုင်ရာ စိန်ခေါ်မှုများနှင့် ကမ္ဘာလုံးဆိုင်ရာ ကိစ္စရပ်များအပေါ် ဆွေးနွေးအမြင်ချင်းဖလှယ်ခဲ့ကြသည်။

ညနေပိုင်းတွင် ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်သည် ဘူဒါပက်စ်မြို့ရှိ အနုပညာပြတိုက်၌ ကျင်းပသော အေဆမ်နိုင်ငံခြားရေးဝန်ကြီးများနှင့် ကိုယ်စားလှယ်များအား ဟန်ဂေရီနိုင်ငံခြားရေးဝန်ကြီးက ဂုဏ်ပြုတည်ခင်းဧည့်ခံသည့် ညစာစားပွဲသို့ တက်ရောက်ခဲ့သည်။

ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်သည် ဇွန် ၇ ရက် နံနက်ပိုင်းတွင် ကျင်းပသည့် တတိယပိုင်းနှင့် စတုတ္ထပိုင်း စုံညီအစည်းအဝေးများသို့ တက်ရောက်ခဲ့သည်။ ယင်းအစည်းအဝေးများတွင် အေဆမ် နိုင်ငံခြားရေးဝန်ကြီးများသည် စီးပွားရေးနှင့် ဘဏ္ဍာရေးအကျပ်အတည်းတွေ့မှုမှ ပြန်လည်နာလန်ထူလာမှု၊ အေဆမ်ပူးပေါင်းဆောင်ရွက်မှု မဏ္ဍိုင်(၃)ရပ်၊ အေဆမ်နှင့် လူမှုရေးအဖွဲ့အစည်းများ ကိစ္စများအပေါ် ဆွေးနွေးအမြင်ချင်းဖလှယ်ခဲ့သည်။ စတုတ္ထပိုင်းစုံညီအစည်းအဝေးအပြီးတွင် ဟန်ဂေရီနိုင်ငံခြားရေးဝန်ကြီးက အစည်းအဝေး နိဂုံးချုပ် မိန့်ခွန်းပြောကြားခဲ့သည်။

ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်သည် ဟန်ဂေရီနိုင်ငံ၌ အစည်းအဝေး တက်ရောက်နေစဉ်အတွင်း လူဇင်ဘတ် ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီး မစ္စတာ ဂျိမ်းအက်ဇယ်လ်ဘွန်း၊ ဂျပန်နိုင်ငံခြားရေးဝန်ကြီး မစ္စတာ တာကဲအိကိမတ်ဆူမိုတို၊ သြစတြေးလျနိုင်ငံခြားရေးဝန်ကြီး မစ္စတာ ကယ်ဗင်ရပ်ဒ်၊ ဆလိုဗေးနီးယား နိုင်ငံခြားရေးဝန်ကြီး မစ္စတာ ဆမ်မြူရယ်ဇိုဗိုဂါ၊ ဖင်လန် Under Secretary of State မစ္စတာဂျက်ကိုလာဂျာဗာ၊ သြစတြီးယား စိုက်ပျိုးရေးနှင့် သစ်တောဝန်ကြီးဟောင်းနှင့် စိုက်ပျိုးရေး၊ ကျေးလက်ဖွံ့ဖြိုးရေးနှင့် ရေလုပ်ငန်းဆိုင်ရာ အီးယူကော်မရှင်နာဟောင်း ဒေါက်တာ ဖရန့်စ်ဖစ်ရှာလာတို့နှင့် သီးခြားစီတွေ့ဆုံခဲ့ပြီး နှစ်နိုင်ငံဆက်ဆံရေးနှင့် အကျိုးတူကိစ္စရပ်များအပေါ် ဆွေးနွေးအမြင်ချင်းဖလှယ်ခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ပြည်သူ့လွှတ်တော်/အမျိုးသားလွှတ်တော်ကော်မတီဝင်များ ဥပဒေဆိုင်ရာစာတမ်းဖတ်ကြားဆွေးနွေးပွဲ တတိယနေ့ ဆက်လက်ကျင်းပ

နေပြည်တော် ဇွန် ၉

ပြည်သူ့လွှတ်တော်/အမျိုးသားလွှတ်တော်ကော်မတီဝင်များ ဥပဒေဆိုင်ရာစာတမ်းဖတ်ကြားဆွေးနွေးပွဲ တတိယနေ့ကို ယနေ့နံနက် ၉ နာရီခွဲတွင် နေပြည်တော်ရှိ လွှတ်တော်ရုံးခန်းမ၌ ဆက်လက်ကျင်းပသည်။

တက်ရောက်

အဆိုပါ စာတမ်းဖတ်ကြားဆွေးနွေးပွဲသို့ ပြည်ထောင်စုလွှတ်တော်နာယက ဦးခင်အောင်မြင့်၊ ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးနန္ဒကျော်စွာ၊ အမျိုးသားလွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးမြညိမ်း၊ ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော်တို့ရှိ ဥပဒေကြမ်းကော်မတီ၊ ပြည်သူ့ငွေစာရင်းကော်မတီ၊ လွှတ်တော်အခွင့်အရေးကော်မတီနှင့် အစိုးရ၏အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေးကော်မတီတို့မှ ဥက္ကဋ္ဌများ၊ အတွင်းရေးမှူးများနှင့် ကော်မတီဝင်များ၊ တက္ကသိုလ်များမှ ပါမောက္ခများနှင့် ကထိကများ တက်ရောက်ကြသည်။

နံနက်ပိုင်း စာတမ်းဖတ်ကြားဆွေးနွေးပွဲ သဘာပတိအဖြစ် ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးနန္ဒကျော်စွာက ဆောင်ရွက်ပြီး အဖွင့်အမှာစကားပြောကြားကာ ရန်ကုန်တက္ကသိုလ် ဥပဒေပညာဌာနမှ ပါမောက္ခ/ ဌာနမှူး ဒေါက်တာခင်မာရီက Protection of Trademark Rights စာတမ်းကို လည်းကောင်း၊ ရန်ကုန်အရှေ့ပိုင်း တက္ကသိုလ် ဥပဒေပညာဌာနမှ ပါမောက္ခ ဒေါက်တာမြင့်သူမြိုင်က Protection of Authors' Rights under Copyright စာတမ်းကိုလည်းကောင်း၊ မန္တလေး တက္ကသိုလ် ဥပဒေပညာဌာနမှ ပါမောက္ခ/ဌာနမှူး ဒေါက်တာနုနုရီက Protection of Intellectual Property Rights in the Context of Traditional Medicine Knowledge စာတမ်းကိုလည်းကောင်း ဖတ်ကြားတင်ပြကြကာ စာတမ်းဖတ်ကြားဆွေးနွေးပွဲကို ခေတ္တရပ်နားသည်။

မွန်းလွဲပိုင်းတွင် စာတမ်းဖတ်ကြားဆွေးနွေးပွဲကို ဆက်လက်ကျင်းပရာ အမျိုးသားလွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးမြညိမ်းက သဘာပတိအဖြစ်ဆောင်ရွက်ပြီး ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြအေး တက်ရောက်လေ့လာသည်။ ရှေးဦးစွာ ရန်ကုန်တက္ကသိုလ် ဥပဒေပညာဌာနမှ ပါမောက္ခ ဒေါက်တာမေထားက Prevention of Pollution by Garbage From Ships စာတမ်းကို လည်းကောင်း၊ မန္တလေး တက္ကသိုလ် ဥပဒေပညာဌာနမှ ပါမောက္ခ ဒေါက်တာတင်ဌေးအိ က Legal Control on Industrial Hazardous Waste စာတမ်းကို လည်းကောင်း၊ ရတနာပုံတက္ကသိုလ် ဥပဒေပညာဌာနမှ ကထိက ဒေါ်နန်းခင်ထွေးက Peace- Making, Peace- Keeping Operations of the United Nations and the Role of the Secretary - General စာတမ်းကိုလည်းကောင်း ဖတ်ကြားတင်ပြကြသည်။

ဆွေးနွေး

ထို့နောက် စာတမ်းဖတ်ကြားဆွေးနွေးပွဲသို့ တက်ရောက်လာကြသူများက စာတမ်းများအပေါ် ပြန်လည်မေးမြန်းဆွေးနွေးကြသည်။

ယင်းနောက် ပြည်ထောင်စုလွှတ်တော်နာယက ဦးခင်အောင်မြင့်က တက္ကသိုလ် ဥပဒေပညာဌာနများမှ စာတမ်းရှင် ပါမောက္ခများနှင့် ကထိကများအား ကျေးဇူးတင်စကားပြောကြားပြီး လက်ဆောင်များ ပေးအပ်သည်။ (သတင်းစဉ်)

ပြည်သူ့လွှတ်တော်/အမျိုးသားလွှတ်တော် ကော်မတီဝင်များ ဥပဒေဆိုင်ရာ စာတမ်းဖတ်ကြားဆွေးနွေးပွဲ တတိယနေ့ ကျင်းပစဉ်။ (သတင်းစဉ်)

လက်ဆောင်ပေးအပ်

ပြည်ထောင်စုလွှတ်တော် နာယက ဦးခင်အောင်မြင့် ပြည်သူ့လွှတ်တော်/ အမျိုးသားလွှတ်တော်ကော်မတီဝင်များ ဥပဒေဆိုင်ရာ စာတမ်းဖတ်ကြားဆွေးနွေးပွဲ၌ ဆွေးနွေးခဲ့ကြသော တက္ကသိုလ်ဥပဒေပညာဌာနများမှ စာတမ်းရှင်များအတွက် လက်ဆောင်များ ပေးအပ်စဉ်။ (သတင်းစဉ်)

ပြည်ထောင်စုဝန်ကြီး ဦးညဏ်ထွန်းအောင်အား Mitsubishi Corporation မှ တာဝန်ရှိသူများ လာရောက်တွေ့ဆုံ

နေပြည်တော် ဇွန် ၉

ပို့ဆောင်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးညဏ်ထွန်းအောင်အား ဂျပန်နိုင်ငံ Mitsubishi Corporation မှ Mr. Masayuki Mizuno နှင့် Mr. Masahiro Miyazaki တို့သည် ယနေ့နံနက် ၉ နာရီ ၁၅ မိနစ်တွင် နေပြည်တော်ရှိ ပို့ဆောင်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၏ ဧည့်ခန်းမ၌ လာရောက်တွေ့ဆုံသည်။

ယင်းသို့တွေ့ဆုံရာတွင် ပို့ဆောင်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဝင်းရှိန်၊ ပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဝင်းဖေ၊ ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်(ပူးတွဲ) ဦးလှမြင့်သိန်းနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

(သတင်းစဉ်)

ပို့ဆောင်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးညဏ်ထွန်းအောင်အား ဂျပန်နိုင်ငံ Mitsubishi Corporation မှ Mr. Masayuki Mizunoနှင့် Mr. Masahiro Miyazaki တို့ လာရောက်တွေ့ဆုံစဉ်။ (သတင်းစဉ်)

မြန်မာ့ရုပ်မြင်သံကြား အစီအစဉ်

၁၀-၆-၂၀၁၁ (သောကြာနေ့)

နံနက်ပိုင်း

- ၇:၀၀ ၁။ တောင်တန်းသာသာပြု ဆရာတော်ကြီး၏ ပရိတ်တရားတော်
- ၇:၂၅ ၂။ ကျန်းမာဖို့အတူကစားစို့
- ၇:၃၀ ၃။ နံနက်ခင်းသတင်း
- ၇:၄၀ ၄။ အင်္ဂဇယမင်္ဂလံ (ယဉ်ဝေယံထွန်း၊ တေးရေး-ဂီတစာဆို မျိုးနွယ်ဆွေ)
- ၇:၅၀ ၅။ သံသာချိုအေးမင်္ဂလာတေး
- ၈:၀၀ ၆။ သက်ရှည်ကျန်းမာလေ့ကျင့်ပါ
- ၈:၁၅ ၇။ ကြေးမုံရိပ်သွင်တေးနုယဉ်
- ၈:၂၅ ၈။ "ဆေးဝါးယဉ်ပါးမှုအန္တရာယ် ကာကွယ်ဖို့ အားလုံးပူးပေါင်း တိုက်ဖျက်စို့"
- ၈:၃၀ ၉။ တေးဂီတအစီအစဉ်
- ၈:၄၀ ၁၀။ International News
- ၈:၄၅ ၁၁။ အဆိုပြိုင်ပွဲ
- ၉:၀၀ ၁၂။ အစီအစဉ်ပြီး၏။

ညပိုင်း

- ၄:၀၀ ၁။ စစ်ချီတေး၊ စစ်သည်တေး
- ၄:၁၀ ၂။ တေးဂီတအစီအစဉ်
- ၄:၂၀ ၃။ ပြည်ထောင်စုတိုင်းရင်းသား ရိုးရာအက
- ၄:၃၀ ၄။ အဝေးသင်တက္ကသိုလ်ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ -ပထမနှစ်(သတ္တဗေဒအထူးပြု) (သတ္တဗေဒ)
- ၄:၄၅ ၅။ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေးတေးများ
- ၄:၅၀ ၆။ နှောင်းခေတ်တေးပဒေသာ
- ၅:၀၅ ၇။ မြန်မာစာ၊ မြန်မာစကား
- ၅:၂၀ ၈။ "ဟူးကောင်းကျားထိန်းသိမ်းရေး နယ်မြေဆီသို့"
- ၅:၃၅ ၉။ ရိုးသားဖြူစင်ကလေးတို့အသွင်
- ၆:၀၀ ၁၀။ ညနေခင်းသတင်း
- ၆:၁၅ ၁၁။ မိုးလေဝသအခြေအနေ
- ၆:၂၀ ၁၂။ ရသစုံလင်အင်တာနက်ဥယျာဉ်
- ၇:၀၀ ၁၃။ **နိုင်ငံခြားဇာတ်လမ်းတွဲ "ချစ်သူ့နယ်နိမိတ် (ဒုတိယတွဲ) (အပိုင်း-၄၀)(ဇာတ်သိမ်းပိုင်း)**
- ၈:၀၀ ၁၄။ ပြည်တွင်းသတင်း
- ၁၅။ နိုင်ငံတကာသတင်းများ
- ၁၆။ မိုးလေဝသအခြေအနေ
- ၁၇။ လျှပ်တစ်ပြက်ဟာသများ
- ၁၈။ **နိုင်ငံခြားဇာတ်လမ်းတွဲ "နှောင်ကြိုး" (အပိုင်း-၄)**
- ၁၉။ သီချင်းချစ်သူအထူးအစီအစဉ် (အပိုင်း-၂၁)
- ၂၀။ အစီအစဉ်ပြီး၏။

အိမ်မဲမြို့မဈေး သန့်ရှင်းရေးဆောင်ရွက်

အိမ်မဲ ဇွန် ၉

အိမ်မဲမြို့နယ် စည်ပင်သာယာရေးအဖွဲ့ပိုင် မြို့မဈေးအတွင်း အများပြည်သူ ကျန်းမာရေးအတွက် သား၊ ငါးတန်း ရေမြောင်းများရှင်းလင်းဆောင်ရွက်မှုကို မေ ၃၀ ရက်က ဆောင်ရွက်ရာ အမှုဆောင်အရာရှိ (လက်ထောက်ညွှန်ကြားရေးမှူး) ဦးကျော်စိုးနှင့် တာဝန်ခံအင်ဂျင်နီယာ ဦးမိုးမြင့်တို့က ကြီးကြပ်ဆောင်ရွက်ကြကြောင်း သိရသည်။

(မြို့နယ်စည်ပင်)

သက်ရှိလောက တည်မြဲဖို့

သဘာဝတောတွေ ထိန်းသိမ်းစို့

ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်သိန်းဌေးအား ဗြိတိန်နိုင်ငံသံအမတ်ကြီး လာရောက်တွေ့ဆုံ

နေပြည်တော် ဇွန် ၉

နယ်စပ်ရေးရာဝန်ကြီးဌာနနှင့် မြန်မာ့စက်မှုဖွံ့ဖြိုးရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်သိန်းဌေးအား ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဆိုင်ရာ ဗြိတိန်နိုင်ငံ သံအမတ်ကြီး H.E. Mr. Andrew Heyn သည် ယနေ့ ညနေ ၃ နာရီတွင် နေပြည်တော်ရှိ ကာကွယ်ရေးဝန်ကြီးဌာန ဘုရင့်နောင်ရိပ်သာ ဧည့်ခန်းမ၌ လာရောက်တွေ့ဆုံသည်။ **(ဓာတ်ပုံ)**

အဆိုပါတွေ့ဆုံပွဲသို့ နယ်စပ်ရေးရာဝန်ကြီးဌာနမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး ဉက္ကဋ္ဌ သစ်တောရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းထွန်း ဖြိုးစည်သူထရေးဒင်း ကုမ္ပဏီက စိုက်ပျိုးတည်ထောင်ထားသော ကျွန်းစိုက်ခင်း၌ ကျွန်းပျိုးပင်ကို အမှတ်တရ စိုက်ပျိုးပေးစဉ်။
(သတင်းစဉ်)

မျိုးကောင်းမျိုးသန့် ကျွန်းစေ့များ လုံလောက်စွာရရှိရန် ကြီးထွားနှုန်းကောင်းမွန်သော ကျွန်းစိုက်ခင်းများကို တည်ထောင်

နေပြည်တော် ဇွန် ၉

သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး ဉက္ကဋ္ဌ သစ်တောရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းထွန်းသည် ဇွန် ၆ ရက် နံနက် ၇ နာရီတွင် ပဲခူးရိုးမဖြတ်ကျော်လမ်းပေါ်ရှိ လက်ပံခုန်ကျွန်းမျိုးသန့်ဉယျာဉ် သစ်တောသုတေသနစခန်းသို့ ရောက်ရှိပြီး ကျွန်း မျိုးသန့်ပွားခြင်း သုတေသနလုပ်ငန်း ဆောင်ရွက်ထားရှိမှုတို့ကို ကြည့်ရှုစစ်ဆေးကာ ခပေါင်းကြိုးပြင်ကာကွယ်တော ဘုံတောင်ကြိုးဝိုင်းအကွက်အမှတ်(၄၉မှ ၅၆)အတွင်းရှိ ဧက ၃၀၀၀၀ ကို ၂၀၀၈-၂၀၀၉ ခုနှစ်မှစ၍ သဘာဝတောထိန်းထားမှု၊ တောက်တဲ့ရွာအနီးရှိ (၁/၁၉၉၈)ကျွန်းအထူးစိုက်ခင်း ဧက ၇၅၀ နှင့် ထူးထရေးဒင်း ကုမ္ပဏီပိုင်(၂၀၁၀-၂၀၁၁) ပုဂ္ဂလိကကျွန်းစိုက်ခင်း ဧက ၈၈၀ တို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် အုတ်တွင်းမြို့နယ် ၁၅ မိုင်စခန်းရှိ ခပေါင်းကြိုးပြင်(၁/၂၀၀၇) ကျွန်းစိုက်ခင်း ဧက ၁၀၀၀ ၌ အောင်မြင်ဖြစ်ထွန်းနေသော ကျွန်းစိုက်ခင်းကို ကြည့်ရှုစစ်ဆေးပြီး ခပေါင်းကြိုးဝိုင်းနှင့် ဘုံတောင်ကြိုးဝိုင်းများအတွင်း သဘာဝတောများ ထိန်းသိမ်းထားရှိမှု အခြေအနေကို ရှုရပ်မှကြည့်ရှုကာ ထိန်းသိမ်းထားသော သဘာဝတောများကို အရှိအတိုင်း ပျက်စီးယိုယွင်းမှုမရှိအောင် ထိန်းသိမ်းကာကွယ်သွားရန် မှာကြားသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးသည် ဖြိုးစည်သူထရေးဒင်း ကုမ္ပဏီက စိုက်ပျိုးတည်ထောင်ထားသော ကျွန်းစိုက်ခင်း ဧက ၁၂၀၀ ကို ကြည့်ရှုစစ်ဆေးပြီး ကျွန်းပျိုးပင်များကို အမှတ်တရ စိုက်ပျိုးပေး၍ ကျွန်းစိုက်ခင်းကျေးရွာ တွဲဖက်မူလတန်းကျောင်း၌ ကျောင်းသား၊ ကျောင်းသူများအား ကျောင်းသုံးစာအုပ်များ လှူဒါန်းကာ ပေါက်ခေါင်းမြို့နယ် သစ်တောဦးစီးဌာနက တည်ထောင်ထားသော ကျွန်းသစ်စေ့ထုတ်ဧရိယာများကို ကြည့်ရှုစစ်ဆေးခဲ့သည်။

ပြည်ထောင်စုဝန်ကြီးသည် ဇွန် ၇ ရက် နံနက်ပိုင်းတွင် သဲကုန်းမြို့နယ် ရွှေကျွန်းတောကြိုးဝိုင်းသို့ ရောက်ရှိပြီး မျိုးကောင်းမျိုးသန့် ကျွန်းစေ့များ လုံလောက်စွာ ရရှိရန်၊ ကြီးထွားနှုန်းကောင်းမွန်သော ကျွန်းစိုက်ခင်းများကို သစ်စေ့ထုတ်ဧရိယာအဖြစ် တည်ထောင်ရန် မှာကြားသည်။

ထို့နောက် မင်းလှမြို့နယ် ရွှေဝါမြိုင်ပျိုးဉယျာဉ်၌ မိုးရာသီ သစ်ပင်စိုက်ပျိုးပွဲကျင်းပရန်နှင့် ကျေးရွာပြည်သူလူထုအတွက် ဖြန့်ဝေရန် ပျိုးထောင်ထားသော ပျိုးပင်များကို ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ သာယာဝတီမြို့နယ် သုံးဆယ်ကြိုးဝိုင်းနှင့် တိုက်ကြီးမြို့နယ် ဉက္ကံကြိုးဝိုင်းတို့အတွင်းရှိ ကျောက်စိမ်းဘုရင်နှင့် ဘုရင်မကုမ္ပဏီ ပုဂ္ဂလိက ကျွန်းစိုက်ခင်းစခန်း၌ အညွန့်ကိုင်းကူးခြင်းနည်းစနစ်ဖြင့် ကျွန်းမျိုးသန့်ပျိုးပင်များ ထုတ်လုပ်နေမှုကို ကြည့်ရှုစစ်ဆေးပြီး ကျွန်းအညွန့် ကိုင်းကူးခြင်းနည်းဖြင့် ထုတ်လုပ်ထားသော ကျွန်းပင်များကို အမှတ်တရ စိုက်ပျိုးပေးသည်။

ယင်းနောက် တိုက်ကြီးမြို့နယ် လသာကုန်း ပျိုးဉယျာဉ်သို့ ရောက်ရှိပြီး ကျေးလက်ပြည်သူများ မိုးရာသီအတွင်း စိုက်ပျိုးတည်ထောင်ရန်အတွက် လူထုဖြန့်ပျိုးပင်များ ပျိုးထောင်ထားမှုကို ကြည့်ရှုစစ်ဆေးပြီး မှော်ဘီမြို့နယ် ဝါးနက်ချောင်းကျေးရွာပိုင် ယူကလစ်စိုက်ခင်း တစ်ဧကကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးက ကျေးလက်ပြည်သူများ အနေဖြင့် သစ်တောထွက်ပစ္စည်းများ ထုတ်လုပ်သုံးစွဲရန်အတွက် မိမိခြံဝင်းအတွင်း စိုက်ပျိုးရန်၊ နောင်အနာဂတ် ပတ်ဝန်းကျင်တည်မြဲရေးနှင့် မိမိတို့ သစ်၊ တိုင်၊ မျောများရရှိရေးအတွက် ဒေသခံပြည်သူ့ အစုအဖွဲ့ပိုင် သစ်တောစိုက်ခင်းများ တိုးချဲ့စိုက်ပျိုး တည်ထောင်သွားရန် မှာကြားပြီး သစ်တောရေးရာဝန်ကြီးဌာနအနေဖြင့် သစ်တောကြိုးဝိုင်းများ၊ ကြိုးပြင် ကာကွယ်တောများအတွင်း သစ်တောပြုန်းတီးလျက်ရှိသည့် နေရာများ၌ ပုဂ္ဂလိကလုပ်ငန်းရှင်များနှင့် ဒေသခံပြည်သူများ စိုက်ပျိုးတည်ထောင်ရန် မြေနေရာများ ခွင့်ပြုသတ်မှတ်ပေးလျက်ရှိသည်တို့ကို ရှင်းလင်းပြောကြားခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

တောင်သူလယ်သမားများဘဝ မြှင့်တင်နိုင်ရန်ရည်ရွယ် စိုက်ပျိုးရေးလုပ်ငန်းကို အရည်အသွေး၊ အရေအတွက် ပြည့်မီအောင် ဆောင်ရွက်

နေပြည်တော် ဇွန် ၉

မွန်ပြည်နယ် ၂၀၁၁-၂၀၁၂ ခုနှစ် စိုက်ပျိုးရေးတိုးတက်မြင့်မားရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယမန်နေ့ မွန်းလွဲ ၁ နာရီတွင် မွန်ပြည်နယ် အစိုးရအဖွဲ့ရုံး အောင်ဆန်းခန်းမ၌ ကျင်းပရာ မွန်ပြည်နယ် ဝန်ကြီးချုပ် ဦးအုန်းမြင့် တက်ရောက်သည်။

ရှေးဦးစွာ ပြည်နယ်အုပ်ချုပ်ရေးမှူး ဦးဇော်လင်းထွန်းက ပြည်နယ်အတွင်းရှိ စိုက်ပျိုးရေးဆိုင်ရာ ကိစ္စရပ်များနှင့် စပ်လျဉ်း၍ လည်းကောင်း၊ မော်လမြိုင်ခရိုင်နှင့် သထုံခရိုင်အုပ်ချုပ်ရေးမှူးများက ခရိုင်အလိုက် စိုက်ပျိုးရေးလုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှု အခြေအနေများကို လည်းကောင်း ရှင်းလင်းတင်ပြကြသည်။

ထို့နောက် ပြည်နယ်မြေစာရင်းဦးစီးမှူး၊ ပြည်နယ်စိုက်ပျိုးရေး မန်နေဂျာနှင့် ပြည်နယ် ဆည်မြောင်းဦးစီးဌာနမှူးတို့က စိုက်ပျိုးရေးဆောင်ရွက်ပြီးစီးမှု၊ တောင်သူလယ်သမားများအား နည်းပညာပေးလုပ်ငန်းများနှင့် ရာသီအလိုက် အထွက်ကောင်းမျိုးများ စိုက်ပျိုးနိုင်ရန်အတွက် ကွင်းဆင်းပညာပေးဆောင်ရွက်မှု အခြေအနေများကို ရှင်းလင်းတင်ပြကြသည်။

ဆက်လက်၍ ပြည်နယ်(စိုက်/တိုးမြှင့်) အဖွဲ့ဝင်များက မြို့နယ်များအလိုက် လုပ်ငန်းလိုအပ်ချက်များအပေါ် ဆွေးနွေးတင်ပြကြပြီး ပြည်နယ်စိုက်ပျိုးရေးနှင့် မွေးမြူရေးဝန်ကြီးဌာန ဝန်ကြီး ဦးမျိုးညွန့်က ဖြည့်စွက်ဆွေးနွေး တင်ပြသည်။

ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်က မွန်ပြည်နယ်သည် စိုက်ပျိုးရေးကို အဓိကစီးပွားရေးအဖြစ် ဆောင်ရွက်သည့် ပြည်နယ်ဖြစ်ကြောင်း၊ လူဦးရေအရ ကြည့်လျှင် စားသုံးမှုဖူလုံသော်လည်း ဝင်ငွေတိုးတက်ရရှိအောင် ဆောင်ရွက်မည်ဆိုပါက အရည်အသွေး၊ အရေအတွက် ပြည့်မီအောင် ဆောင်ရွက်ရန်လိုကြောင်း၊ စိုက်ပျိုးရေးလုပ်ငန်းများ တိုးတက်အောင် ဆောင်ရွက်ရာတွင် တာဝန်ရှိသူများအနေဖြင့် လျာထားမြေဧက၊ စိုက်ဧက၊ အထွက်နှုန်းစာရင်းများကို မှန်ကန်အောင်ဆောင်ရွက်ရန် လိုကြောင်း၊ ယနေ့ အစည်းအဝေးသည် တောင်သူလယ်သမားများ၏ဘဝ မြှင့်တင်ပေးနိုင်ရေးအတွက် ရည်ရွယ်ဆောင်ရွက်ခြင်းဖြစ်သည်နှင့်အညီ စေတနာအပြည့်ဖြင့် ပြည်သူ့အကျိုး အမှန်တကယ်ဖြစ်ထွန်းအောင် ဆောင်ရွက်သွားကြရန်လိုကြောင်း၊ ပြည်သူနှင့်အတူ တစ်သားတည်းရှိပြီး ပြည်သူလူထုဘဝကို မြှင့်တင်ရာတွင် စနစ်တကျဖြင့် အားကြိုးမာန်တက် ကြိုးစားဆောင်ရွက်ကြရန် လိုကြောင်းဖြင့် နိဂုံးချုပ်အမှာစကား ပြောကြားခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

အမေရိကန်ဒေါ်လာနှင့် နိုင်ငံတကာငွေကြေးများလဲလှယ်နှုန်း

၉-၆-၂၀၁၁

ငွေကြေးစနစ်	တစ်ဒေါ်လာလျှင်ယူနစ်	တစ်ယူနစ်လျှင်ဒေါ်လာ
ထိုင်း (ဘတ်)	၃၀. ၄၅၅၂	၀. ၀၃၂၈၄
တရုတ် (ယွမ်)	၆. ၄၇၇၀၅	၀. ၁၅၄၃၉
အိန္ဒိယ (ရူပီး)	၄၄. ၇၃၅၀	၀. ၀၂၂၃၅
မလေးရှား (ရင်းဂစ်)	၃. ၀၂၀၅၀	၀. ၃၃၁၀၇
စင်ကာပူ (ဒေါ်လာ)	၁. ၂၃၃၃၁	၀. ၈၁၀၈၃
ဂျပန် (ယန်း)	၈၀. ၁၅၀၃	၀. ၀၁၂၄၈
တောင်ကိုရီးယား(ဝမ်)	၁၀၈၂. ၇၄	၀. ၀၀၀၉၂
ယူရို	၀. ၆၈၉၇၆	၁. ၄၄၉၇၉
ဗြိတိသျှ (ပေါင်)	၀. ၆၁၀၇၁	၁. ၆၃၇၄၃

အင်တာနက်။

ပိုလီယိုရောဂါ ကာကွယ်ဆေးများ ဒုတိယအကြိမ် တိုက်ကျွေးမည်

ရန်ကုန် ဇွန် ၉

ဒေသအလိုက် အမျိုးသားကာကွယ်ဆေးတိုက်နေ့များ(၂၀၁၁) ဒုတိယအကြိမ်ဆေးတိုက်နေ့ကို ဇွန် ၁၁ ရက်နှင့် ၁၂ ရက်တို့တွင် သတ်မှတ်ထားသော မြို့နယ်များ၌ ဆက်လက်တိုက်ကျွေးသွားမည်ဖြစ်ကြောင်း သိရှိရသည်။

ဒေသအလိုက် အမျိုးသားကာကွယ်ဆေးတိုက်နေ့များတွင် နေပြည်တော် ကောင်စီနယ်မြေ၊ တိုင်းဒေသကြီးနှင့် ပြည်နယ် ကိုးခုရှိ မြို့နယ်ပေါင်း ၁၂၆ မြို့နယ်မှ ငါးနှစ်အောက် ကလေးငယ်ပေါင်း ၂ ဒသမ ၉ သန်းကျော်အား ပိုလီယိုကာကွယ်ဆေး တိုက်ကျွေးမည်ဖြစ်သည်။

ကျန်းမာရေးဦးစီးဌာန တိုးချဲ့ကာကွယ်ဆေးထိုးလုပ်ငန်း စီမံချက်မှ ၂၀၁၁ ခုနှစ် မေ ၁၄ ရက်နှင့် ၁၅ ရက်တို့တွင် အဆိုပါ ငါးနှစ်အောက် ကလေး ၂ ဒသမ ၉ သန်းကျော်အား ပထမအကြိမ်အဖြစ် ပိုလီယိုကာကွယ်ဆေးကို တိုက်ကျွေးခဲ့ပြီးဖြစ်ကြောင်း သိရသည်။

(ကိုကြီးသာ)

မြန်မာနိုင်ငံအထက်ပိုင်းဒေသများ မိုးပိုလာမည်

နေပြည်တော် ဇွန် ၉

ယနေ့နံနက် ၉ နာရီခွဲထိ မိုးလေဝသတိုင်းထွာချက်အကျဉ်းချုပ်

လွန်ခဲ့သော ၂၄ နာရီအတွင်းက ကယားပြည်နယ်တွင် နေရာကျဲကျဲ၊ ပဲခူးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီးနှင့် ရှမ်းပြည်နယ်တို့တွင် နေရာစိပ်စိပ်နှင့် ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာခဲ့ပြီး ရခိုင်ပြည်နယ်တွင် ဒေသအလိုက်နှင့် စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်းတွင် နေရာကွက်၍မိုးကြီးခဲ့သည်။ **မှတ်သားဖွယ်ရာ မိုးရေချိန်များမှာ** နေပြည်တော်(လေဆိပ်)တွင် ၁ ဒသမ ၁၈ လက်မ၊ ကျောက်တော်မြို့တွင် ၅ ဒသမ ၅၉ လက်မ၊ ကလေးဝမြို့တွင် ၃ ဒသမ ၉၈ လက်မ၊ တောင်ကုတ်မြို့နှင့် မြောက်ဦးမြို့တို့တွင် ၃ ဒသမ ၆၂လက်မစီ၊ သံတွဲမြို့တွင် ၃ ဒသမ ၃၅ လက်မ၊ မောင်တောမြို့တွင် ၃ ဒသမ ၁၅ လက်မ၊ တောင်ငူမြို့တွင် ၂ ဒသမ ၈၀ လက်မနှင့် ဟုမ္မလင်းမြို့တွင် ၂ ဒသမ ၇၅ လက်မတို့ဖြစ်ကြသည်။

ဘင်္ဂလားပင်လယ်အော်အခြေအနေ။ ယနေ့မြန်မာစံတော်ချိန် ၁၂နာရီခွဲအချိန်တိုင်းထွာချက်အရ ဘင်္ဂလားပင်လယ်အော်အရှေ့မြောက်ပိုင်းတွင် ဖြစ်ပေါ်နေသော လေဖိအားနည်းရပ်ဝန်းသည် ဆက်လက်တည်ရှိနေသည်။ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတို့တွင် မုတ်သုံလေအားကောင်းနေပြီး ကျန်ဘင်္ဂလားပင်လယ်အော်တွင် မုတ်သုံလေ အားအလွန်ကောင်းနေသည်။

မနက်ဖြန်ညနေထိခန့်မှန်းချက်။ ။ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်နှင့်ကယားပြည်နယ်တို့တွင် နေရာစိပ်စိပ်နှင့် ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ကချင်ပြည်နယ်၊ ချင်းပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် နေရာကွက်၍ မိုးကြီးနိုင်သည်။ ရွာရန်ရာနှုန်းပြည့်ဖြစ်သည်။

မြန်မာ့ပင်လယ်ပြင်။ ။ ရခိုင်ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ရံဖန်ရံခါ မိုးသက်လေပြင်းများ ကျရောက်ပြီး လှိုင်းကြီးမည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်မြေပြင်လေသည် တစ်နာရီလျှင် ၄၅ မိုင်အထိ တိုက်ခတ်နိုင်သည်။ ကျန်မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအသင့်အတင့်မှ လှိုင်းကြီးမည်။

နောက်နှစ်ရက်အတွက်ခန့်မှန်းချက်။ ။ မြန်မာနိုင်ငံအထက်ပိုင်းဒေသများတွင် မိုးပိုလာမည်။

နေပြည်တော်နှင့် အနီးတစ်ဝိုက်တွင် ယနေ့ မိုးတစ်ကြိမ် နှစ်ကြိမ် ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

ရန်ကုန်မြို့ နှင့် အနီးတစ်ဝိုက်တွင် ယနေ့ မိုးတစ်ကြိမ် နှစ်ကြိမ် ထစ်ချုန်းရွာမည်။ ရွာရန် ရာနှုန်းပြည့်ဖြစ်သည်။

မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ မိုးတစ်ကြိမ် နှစ်ကြိမ် ထစ်ချုန်းရွာမည်။ ရွာရန် ရာနှုန်းပြည့်ဖြစ်သည်။

ပြည်ထောင်စုဝန်ကြီး ဦးကျော်ဆန်း ပုလဲမြို့နယ်အတွင်းရှိ ကျေးရွာစာကြည့်တိုက်ဖွင့်ပွဲများ တက်ရောက် စာကြည့်တိုက်အတွင်း ကျေးလက်ပြည်သူများ စာပေဖတ်ရှုလေ့လာမှု ကြည့်ရှုအားပေး

နေပြည်တော် ဇွန် ၉

ပြန်ကြားရေးဝန်ကြီးဌာနနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်ဆန်းသည် စစ်ကိုင်းတိုင်းဒေသကြီး ပညာရေးဝန်ကြီးဌာန ဝန်ကြီး ဦးတင်ဝင်းနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ လိုက်ပါလျက် ဇွန် ၆ ရက် မွန်းလွဲပိုင်းတွင် စစ်ကိုင်းတိုင်းဒေသကြီး မုံရွာခရိုင် ပုလဲမြို့နယ် မင်းတိုင်ပင်စံပြကျေးရွာအုပ်စု နှောကန်ကျေးရွာ၌ ကျင်းပသည့် " ဦးဝန်" စာကြည့်တိုက် ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်ရာ မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ မြို့မိမြို့ဖများနှင့် ဒေသခံပြည်သူများလည်း တက်ရောက်ကြသည်။

ရှေးဦးစွာ ပုလဲမြို့နယ် အုပ်ချုပ်ရေးမှူး ဦးအောင်ကျော်စိုးနှင့် ပုလဲမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဦးဆန်းမြင့်တို့က " ဦးဝန်" စာကြည့်တိုက်ကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးက " ဦးဝန်" စာကြည့်တိုက် ဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးပြီး စာကြည့်တိုက် အတွင်း စာအုပ်စာစောင်များ စနစ်တကျထားရှိမှုနှင့် စာငှားကတ် စနစ်ဖြင့် စာအုပ်စာစောင်များ ငှားရမ်းနေမှုအခြေအနေတို့ကို ကြည့်ရှုစစ်ဆေးကာ စာပေဖတ်ရှုလေ့လာနေကြသည့် ပြည်သူ များအား နှုတ်ဆက်အားပေးသည်။

ပြည်ထောင်စုဝန်ကြီးသည် တိုင်းဒေသကြီး ပညာရေးဝန်ကြီး ဌာန ဝန်ကြီးနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ လိုက်ပါလျက် ဇွန် ၇ ရက် နံနက်ပိုင်းတွင် ပုလဲမြို့နယ် အလယ်ဘုံကျေးရွာ၌ ကျင်းပသည့် " အလင်းစေတမန်" စာကြည့်တိုက် ဖွင့်ပွဲအခမ်း အနားသို့ တက်ရောက်သည်။

ရှေးဦးစွာ ပုလဲမြို့နယ် အုပ်ချုပ်ရေးမှူး၊ ပုလဲမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူးနှင့် အလယ်ဘုံကျေးရွာ အုပ်ချုပ်ရေးမှူး ဦးဝင်းဇော်တို့က " အလင်း စေတမန်" စာကြည့်တိုက်ကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးက " အလင်းစေတမန်" စာကြည့်တိုက်ဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးပြီး စာကြည့်တိုက်အတွင်း ကျေးလက်ပြည်သူများ စာပေဖတ်ရှု လေ့လာနေမှုကို ကြည့်ရှုအားပေးခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

စက်ခလုတ်နှိပ် ဖွင့်လှစ်

ပြန်ကြားရေး ဝန်ကြီးဌာနနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စု ဝန်ကြီး ဦးကျော်ဆန်း "ဦးဝန်" စာကြည့်တိုက် ဆိုင်းဘုတ်ကို စက် ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးစဉ်။ (သတင်းစဉ်)

ပြန်ကြားရေးဝန်ကြီးဌာနနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်ဆန်း "အလင်းစေတမန်" စာကြည့်တိုက်အတွင်း စာပေဖတ်ရှု လေ့လာနေကြသူများအား နှုတ်ဆက်အားပေးစဉ်။ (သတင်းစဉ်)

ပြည်သူ့ကျန်းမာရေးမြတ်ဆရာပူဇော်ပွဲ ကျင်းပမည်

ရန်ကုန် ဇွန် ၉

ပြည်သူ့ကျန်းမာရေးဆိုင်ရာ ဘွဲ့လွန် သင်တန်း အသီးသီးတွင် ပညာသင်ကြား ပေးခဲ့သော ဆရာကြီး၊ ဆရာမကြီးများ အား မြတ်ဆရာပူဇော်ပွဲကို ဇွန် ၁၈ ရက် (စနေနေ့) နံနက် ၉ နာရီခွဲတွင် ပြည်သူ့ ကျန်းမာရေးတက္ကသိုလ် ရန်ကုန်မြို့၌ ကျင်းပမည်ဖြစ်၍ ပြည်တွင်းပြည်ပ တက္ကသိုလ်များမှ ပြည်သူ့ကျန်းမာရေး ဆိုင်ရာ ဘွဲ့ရရှိသူများနှင့် ပြည်သူ့ကျန်း မာရေးဆိုင်ရာ လုပ်ငန်းများတွင် ပါဝင် ဆောင်ရွက်နေသူများအားလုံး ကြွရောက် ကြပါရန်နှင့် ဆရာ၊ ဆရာမကြီးများအား ကန်တော့ရန် အလှူငွေနှင့် ပစ္စည်းများကို ဖုန်း-၀၉-၅၀၁၈၉၆၃၊ ၀၉-၅၁၄၂၉၇၂၊ ၀၉-၅၀၃၃၇၄၇ တို့သို့ ဆက်သွယ် လှူဒါန်းနိုင်ကြောင်း သိရသည်။ (ကြေးမုံ)

အခြေခံယာဉ်မောင်းသင်တန်းဆင်းပွဲ ကျင်းပ

ရန်ကုန် ဇွန် ၉

မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရဲတပ်ရင်းများကွပ်ကဲမှုအစီအစဉ်ဖြင့် ဖွင့်လှစ်ခဲ့သော အခြားအဆင့် တပ်ဖွဲ့ဝင်များ ယာဉ်မောင်းသင်တန်းအမှတ်စဉ် (၁/၂၀၁၁) ဆင်းပွဲကို ယမန်နေ့နံနက် ၈ နာရီတွင် ရန်ကုန်မြို့ ဒဂုံမြို့သစ် (မြောက်ပိုင်း)မြို့နယ် (၃၆) ရပ်ကွက်ရှိ သီရိမြိုင်ယာဉ်မောင်းသင်တန်းကျောင်း၌ ကျင်းပရာ မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရဲတပ်ရင်း များကွပ်ကဲရေးမှူး ရဲမှူးချုပ်သူရဘိုနီက တက်ရောက်၍ သင်တန်းဆင်း အမှာစကား ပြောကြားသည်။

အဆိုပါသင်တန်းသို့ သင်တန်းသား ၁၂၀ တက်ရောက်ကြပြီး သင်တန်းကာလမှာ ရက်သတ္တလေးပတ် ကြာမြင့်ခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ပညာဂုဏ်ရောင် အလင်းဆောင်

စေတနာပညာအလင်းရောင် စာကြည့်တိုက်၌ စာအုပ်၊ စာစောင် လှူဒါန်းပွဲနှင့် ဟောပြောပွဲ ကျင်းပ

သထုံ ဇွန် ၉

သထုံခရိုင် သထုံမြို့နယ် ဒေးပရိန်း ကျေးရွာ စေတနာပညာအလင်းရောင် ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်၌ စာအုပ်၊ စာစောင်များ လှူဒါန်းပွဲနှင့် ရေရှည်တည်တံ့ခိုင်မာရေး ဟောပြောပွဲ ကို မေ ၂၇ ရက် နံနက်ပိုင်းက အဆိုပါ စာကြည့်တိုက်၌ ကျင်းပရာ ဒေးပရိန်း ကျေးရွာအုပ်ချုပ်ရေးမှူး ဦးသန့်ဇင်က အဖွင့်အမှာစကား ပြောကြားသည်။ ဆက်လက်၍ သထုံခရိုင် ပြန်ကြားရေး နှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီး အရာရှိ ဒေါ်ခင်စောလင်းက ကျေးရွာ ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များ ရေရှည် တည်တံ့ခိုင်မာရေးအတွက် လုပ်ငန်းစဉ်(၅)ရပ်ကို ဆွေးနွေးပြောကြား ပြီး မြို့နယ်ဦးစီးမှူး ဒေါ်သူဇာအောင်က စာကြည့်တိုက်လုပ်ငန်းများ စနစ်တကျ ဖြစ်စေရေးတို့ကို ဆွေးနွေးပြောကြားသည်။

ယင်းနောက် အဆိုပါ စာကြည့်တိုက် အတွက် စာအုပ်၊ စာစောင်များ ပေးအပ် လှူဒါန်းကြရာ ခရိုင်ဦးစီးအရာရှိ ဒေါ်ခင် စောလင်းက သုတ၊ ရသနှင့် မဂ္ဂဇင်း ၃၀ ကိုလည်းကောင်း၊ ကျေးရွာအုပ်ချုပ် ရေးမှူး ဦးသန့်ဇင်က ၂၁ လက်မ ရောင်စုံ တီဗွီနှင့် ရုပ်မြင်သံကြားဖမ်းစက်တစ်လုံး ကိုလည်းကောင်း၊ မြို့နယ်မြေစာရင်းဦးစီး ဌာနက ဂျာနယ်အစောင် ၄၀၊ မြို့နယ် အခွန် ဦးစီးဌာနက ဂျာနယ်အစောင် ၂၀ နှင့် ဦးမောင်နုမိသားစုက ဂျာနယ်မျိုးစုံ အစောင် ၇၀ တို့ကိုလည်းကောင်း အသီး သီး ပေးအပ်လှူဒါန်းကြရာ တာဝန်ရှိသူ များက လက်ခံရယူကြကြောင်း သိရ သည်။ (ခရိုင်ပြန်/ဆက်)

ဟသ်ာတခရိုင် မြန်အောင်မြို့နယ် လဟာပေါက်ကျေးရွာ ဖူးပွင့်သစ် စာကြည့်တိုက်အဆောက်အအုံသစ်ဖွင့်ပွဲကို မေ ၂၉ ရက် နံနက် ၉ နာရီက အဆိုပါ အဆောက်အအုံသစ်ရှေ့၌ ကျင်းပရာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးအေးကြူ၊ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဦးတင်အောင်မြင့် နှင့် လဟာပေါက်ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူး ဦးမျိုးဝင်းလှိုင်တို့ စာကြည့်တိုက်ကို ဖွင့်လှစ်ပေးကြစဉ်။ (မြို့နယ်ပြန်/ဆက်)

မြန်မာနိုင်ငံ စာကြည့်တိုက်များဖောင်ဒေးရှင်းသို့ အလှူငွေနှင့် စာအုပ်၊ စာစောင်များ လှူဒါန်းနိုင်

မြန်မာနိုင်ငံ စာကြည့်တိုက်များ ဖောင်ဒေးရှင်းသည် ပြည်သူများ အသိပညာဗဟုသုတ မြင့်မားလာစေရေးနှင့် ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်လာစေရေးအတွက် အားပေးကူညီ ဆောင်ရွက်လျက်ရှိသဖြင့် စေတနာရှင်၊ အလှူရှင်များအနေဖြင့် အလှူငွေနှင့် စာအုပ်၊ စာစောင်များ လှူဒါန်းလိုပါက မြန်မာနိုင်ငံ စာကြည့်တိုက်များဖောင်ဒေးရှင်း အမှတ်(၂၂၈) သိမ်ဖြူလမ်း ဗိုလ်တထောင်မြို့နယ် ရန်ကုန်မြို့ ဖုန်း-၀၁-၃၇၁၃၄၂၊ ၀၁-၂၀၁၉၃၆ နှင့် ၀၁-၃၉၈၇၅၆ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်သည်။

ဗလငါးတန်ဖွံ့ဖြိုးဖို့ စာအုပ်စာပေ လေ့လာစို့

ပစိဖိတ်သမုဒ္ဒရာ အနောက်ပိုင်း၌ တရုတ်ရေတပ် စစ်ရေးလေ့ကျင့်မည်

ပေကျင်း ဇွန် ၉

တရုတ်ပြည်သူ့လွတ်မြောက်ရေးတပ်မတော်၏ ရေတပ်တပ်ဖွဲ့ဝင်များသည် ပစိဖိတ်သမုဒ္ဒရာအနောက်ပိုင်း၌ ယခုလ နှောင်းပိုင်းတွင် စစ်ရေးလေ့ကျင့်မည်ဖြစ်ကြောင်း ကာကွယ်ရေးဝန်ကြီးဌာန၏ ကြေညာချက်တစ်ရပ်ကို ကိုးကားလျက် ဆင်ဟွာ သတင်းဌာနက ဇွန် ၉ရက်တွင် သတင်းထုတ်ပြန်သည်။

နိုင်ငံတကာရေပိုင်နက်အတွင်း စစ်ရေးလေ့ကျင့်မည်ဖြစ်ပြီး မည်သည့်နိုင်ငံကိုမျှ ရည်ရွယ်ခြင်းမရှိကြောင်း၊ ပုံမှန်စစ်ရေး လေ့ကျင့်မှုသာဖြစ်ကြောင်း ကာကွယ်ရေးဝန်ကြီးဌာန၏ ကြေညာချက်တွင် ဖော်ပြသည်။

စစ်ရေးလေ့ကျင့်မှုပြုလုပ်မည့်နေရာ အတိအကျကို တရုတ်စစ်ဘက်က ဖော်ပြခြင်းမရှိပေ။ စစ်ရေးလေ့ကျင့်မှု၌ မည်သည့် စစ်သင်္ဘောများ ပါဝင်မည်ကိုလည်း မသိရပေ။

တောင်တရုတ်ပင်လယ်ရှိ စပရက်လီကျွန်းစုရှိ ကျွန်းများပိုင်ဆိုင်မှုနှင့်ပတ်သက်၍ တရုတ်နှင့် ဒေသတွင်းရှိ နိုင်ငံများအကြား အငြင်းပွားမှုများ ပေါ်ပေါက်ခဲ့သည်။ ***အင်တာနက်။***

အာဖဂန်နှင့် ပူးတွဲစစ်စခန်းများထူထောင်ရေး အမေရိကန်ကာကွယ်ရေးဝန်ကြီး ထုတ်ဖော်ပြောဆို

ဝါရှင်တန် ဇွန် ၉

အာဖဂန်နစ္စတန်နိုင်ငံ၌ အမေရိကန်၏ ကာလရှည်စစ်ရေး တည်ရှိမှုကို ထိန်းသိမ်းထားသင့်ကြောင်း၊ အမေရိကန်နိုင်ငံသည် ယင်းနိုင်ငံ၌ အမြဲတမ်းစစ်စခန်းများကို ဖွင့်လှစ်ထားလိုခြင်း မရှိ သော်လည်း အမေရိကန်-အာဖဂန်ပူးတွဲစစ်စခန်းများကို ဖွင့်လှစ် သွားလိုကြောင်း အမေရိကန်ကာကွယ်ရေးဝန်ကြီး ရောဘတ် ဂိတ်စ်က ဇွန် ၈ ရက်တွင် ပြောကြားသည်။

အာဖဂန်နစ္စတန်နိုင်ငံ၌ အမေရိကန်၏တိုက်ခိုက်ရေးအထူး လုပ်ငန်းတာဝန်များ ပြီးစီးသွားသည့်အခါ ယင်းနိုင်ငံ၌ နှစ်နိုင်ငံ ပူးတွဲစစ်စခန်းများ ထူထောင်သွားလိုကြောင်း ဂိတ်စ်၏ ပြောကြား ချက်ကို ကိုးကားလျက် ဝါရှင်တန်ပို့စ်သတင်းစာက ရေးသားဖော်ပြ သည်။

နိုင်ငံတစ်နိုင်ငံ၌ အခြားနိုင်ငံတစ်နိုင်ငံမှ သီးသန့်စစ်စခန်း ဖွင့်လှစ်ခြင်းသည် ပြဿနာများဖြစ်ပေါ်စေနိုင်ကြောင်း၊ အာဖဂန် နစ္စတန်နိုင်ငံ၌ ပူးတွဲစစ်စခန်းထူထောင်ခြင်းဖြင့် အမေရိကန် တပ်ဖွဲ့က စစ်ရေးလေ့ကျင့်မှု ဆက်လက်ပေးသွားနိုင်သကဲ့သို့ အာဖဂန်ပြည်သူများ၏ ကြည်ဖြူမှုကိုလည်း ခံယူနိုင်ကြောင်း ၎င်းကပြောကြားသည်။

အာဖဂန်နစ္စတန်နိုင်ငံ၌ အမေရိကန်က အမြဲတမ်း စစ်စခန်း ဖွင့်လှစ်ရန် အစီအစဉ်မရှိဟု သမ္မတ အိုဘားမား၏ အစိုးရအဖွဲ့က ထပ်တလဲလဲ ပြောကြားခဲ့သည်။

ပူးတွဲစစ်စခန်း၌ အမေရိကန်တပ်ဖွဲ့ဝင်ဦးရေ မည်မျှရှိမည်၊ ၎င်းတို့ မည်သည့်တာဝန်များထမ်းရွက်ကြမည်၊ မည်သည့်နေရာ၌ စစ်စခန်းဖွင့်လှစ်မည် စသည့်အချက်အလက်များနှင့်ပတ်သက်၍ ဂိတ်စ်က အတိအကျ ပြောကြားခြင်း မရှိပေ။

အမေရိကန်-အာဖဂန်သဘောတူညီချက်ကို တရားဝင်ရရှိ ခြင်း မရှိသေးပေ။ ***အင်တာနက်။***

မျက်စိလည်လမ်းမှားလာသည့် တောဆင်ရိုင်းနှစ်ကောင် အိန္ဒိယနိုင်ငံ မိုင်ဆိုးမြို့၌ သောင်းကျန်းခဲ့

မိုင်ဆိုး(အိန္ဒိယ) ဇွန် ၉

အိန္ဒိယနိုင်ငံတောင်ပိုင်း ကာနာတာကာပြည်နယ် မိုင်ဆိုးမြို့၌ ဇွန် ၈ ရက် အစောပိုင်းက တောဆင်ရိုင်းနှစ်ကောင် ဝင်ရောက် လာခဲ့ပြီး ရန်မူတိုက်ခိုက်ခဲ့ရာ လူတစ်ဦးသေဆုံးခဲ့ရပြီး လေးဦးဒဏ်ရာရရှိကြောင်း သတင်းဌာနများက သတင်း ထုတ်ပြန်သည်။

မိုင်ဆိုးမြို့တွင်းသို့ ရောက်လာသည့် တောဆင်ရိုင်းတစ်ကောင်က ကားတစ်စီးကို ရန်မူတိုက်ခိုက်စဉ်။ *(ဓာတ်ပုံ-အင်တာနက်)*

မိုင်ဆိုးမြို့အနီးရှိ သစ်တောဒေသမှ မျက်စိလည် လမ်းမှားရောက်ရှိလာသော တောဆင်ရိုင်းနှစ်ကောင်သည် မိုင်ဆိုးမြို့၌ ၅ နာရီကျော်ကြာမျှ လှည့်လည်သွားလာနေခဲ့ရာ မြို့သူမြို့သားများမှာ စိုးရိမ်ထိတ်လန့်စွာဖြင့် ရှိနေခဲ့ကြရသည်။

ဝင်ရောက်သောင်းကျန်း

အသက်ရှစ်နှစ်မှ ၁၀နှစ်အကြားရှိ စွယ်စုံဆင်အထီး တစ်ကောင်သည် အသက် ၁၂နှစ်အရွယ်ရှိ အစွယ်မပါသည့် ဆင်အထီးတစ်ကောင်နှင့်အတူ မိုင်ဆိုးမြို့လယ်သို့ နံနက် ၅နာရီ ၁၅မိနစ်ခန့်တွင် ဝင်ရောက်လာကာ သောင်းကျန်းခဲ့ကြသည်။

စွယ်စုံဆင်သည် လူများနှင့် ကျွဲနွားတိရစ္ဆာန်များကို ရန်မူ တိုက်ခိုက်ခဲ့သော်လည်း အစွယ်မဲ့ဆင်မှာမူ လူအများအား ရန်မူခြင်းမရှိခဲ့ပေ။ စွယ်စုံဆင်၏ ရန်မူတိုက်ခိုက်မှုကြောင့် နွား နှစ်ကောင် သေဆုံးခဲ့ရသည်။

အဆိုပါဆင်ရိုင်းနှစ်ကောင်စလုံးမှာ မိုင်ဆိုးမြို့မှ ကီလိုမီတာ ၄၀ခန့်အကွာ ကော်ဘာရီတောရိုင်းတိရစ္ဆာန် ဘေးမဲ့တောမှဖြစ် သည်ဟု ယူဆရသည်။

တောဆင်ရိုင်းနှစ်ကောင်သည် မိုင်ဆိုးမြို့အတွင်း အဖော်ကွဲ သွားခဲ့ကြပြီး ဦးတည်ရာမဲ့ လျှောက်သွားနေခဲ့ကြသည်။

တောဆင်ရိုင်း၏တိုက်ခိုက်မှုကြောင့် မော်တော်ကား ၁၀စီး ကျော် ပျက်စီးခဲ့ရသည်။

တောဆင်ရိုင်းများ၏ လှုပ်ရှားသွားလာမှုများကို သတင်း ထောက်များနှင့် အပျော်တမ်းသတင်းသမားများက မိုဘိုင်းဖုန်း များဖြင့် မှတ်တမ်းများရယူခဲ့သည်။

မိုင်ဆိုးမြို့၌ သောင်းကျန်းခဲ့သော တောဆင်ရိုင်း နှစ်ကောင်ကို သစ်တောဌာနနှင့် ရဲတပ်ဖွဲ့တို့က မေ့ဆေးသေနတ် ဖြင့် ပစ်ခတ်ကာ ဖမ်းဆီးရမိခဲ့သည်။ ***အင်တာနက်။***

ပစိဖိတ်အရှေ့ပိုင်းတွင် ရာသီအတွင်း ပထမဆုံး ဟာရီကိန်းမုန်တိုင်း ဖွဲ့စည်းလျက်ရှိ

အက္ကာပူလ်ကို(မက္ကဆီကို) ဇွန် ၉

၂၀၁၁ခုနှစ် ရာသီအတွင်း ပထမဆုံးဖြစ်ပေါ်သည့် ဟာရီကိန်းမုန်တိုင်း အက်ဒရီယန်သည် ပစိဖိတ်သမုဒ္ဒရာ အရှေ့ပိုင်း တွင် ဇွန် ၈ ရက်က ဖွဲ့စည်းလျက်ရှိကြောင်း ဇွန် ၉ ရက် အေပီသတင်းတွင် ဖော်ပြထားသည်။



မက္ကဆီကိုအစိုးရက အပူပိုင်းမုန်တိုင်းကို ပစိဖိတ်ကမ်းရိုး တန်းတစ်လျှောက် အနောက်မြောက်ပိုင်းမှသည် ပွန်တာဆန် တဲလ်မိုအထိ စောင့်ကြည့်ရန် အမိန့်ထုတ်ခဲ့သည်။ သို့သော် တာဝန်ရှိသူများက နာရီအနည်းငယ်ကြာပြီးသည့်နောက် စောင့် ကြည့်ခြင်းကို ရပ်ဆိုင်းခဲ့ကြသည်ဟုဆိုသည်။ မုန်တိုင်းသည် ကမ်းခြေဆီသို့ ဦးတည်နေသော်လည်း မုန်တိုင်း၏ ဗဟိုချက်သည် ကမ်းလွန်တွင်ဆက်လက်တည်ရှိနေမည်ဟု မျှော်လင့်ရကြောင်း အမေရိကန်အမျိုးသား ဟာရီကိန်းဗဟိုဌာနမှ မိုးလေဝသခန့်မှန်း သူများက ပြောကြားသည်။

ဂွါရီရိုပြည်နယ်အစိုးရက လူဦးရေနှစ်သန်းခန့်နေထိုင်သည့် ပင်လယ်ကမ်းခြေမြို့ပေါင်း ၂၀ခန့်တွင် မိုးသက်မုန်တိုင်းကျရောက် မည်ဟု ပြောကြားသည်။

ဗုဒ္ဓဟူးနေ့နောက်ပိုင်း၌ အက်ဒရီယန်မုန်တိုင်း၏ လေတိုက် နှုန်းသည် တစ်နာရီလျှင် မိုင် ၈၀နှုန်းခန့်ရှိပြီး ပိုမိုပြင်းထန်လာ မည်ဟု မျှော်လင့်ရသည်။

မုန်တိုင်း၏ ဗဟိုချက်သည် ပင်လယ်ကမ်းခြေအပန်းဖြေ စခန်း ဇီဟွာတင်ဂျို၏ တောင်ဘက် ၂၇၅မိုင်အကွာ၌ ရှိနေ ကြောင်း၊ အနောက်မြောက်ဘက်သို့ တစ်နာရီလျှင် ရှစ်မိုင်နှုန်းဖြင့် ရွေ့လျားလျက်ရှိကြောင်း အေပီကဖော်ပြသည်။ ***အေပီ***

ပစိဖိတ်အရှေ့ပိုင်းတွင် ဟာရီကိန်းမုန်တိုင်း ဖွဲ့စည်းလျက် ရှိသည်ကို ဂြိုဟ်တုဓာတ်ပုံ၌ တွေ့ရစဉ်။ *(ဓာတ်ပုံ-အင်တာနက်)*

နယူးဇီလန်လေကြောင်း ခရီးသည်တင်လေယာဉ် အုတ်ကလန်မြို့၌ အရေးပေါ်ဆင်းသက်ရ

ဝယ်လင်တန် ဇွန် ၉

နယူးဇီလန်လေကြောင်းမှ ဘိုးအင်း-၇၆၇အမျိုးအစား ခရီးသည်တင်လေယာဉ်တစ်စင်းသည် အုတ်ကလန်မြို့၌ ဇွန် ၉ရက်က အရေးပေါ်ဆင်းသက်ခဲ့ရကြောင်း အဆိုပါလေကြောင်း ဌာနက ပြောကြားသည်။

နယူးဇီလန်လေကြောင်းမှ ဘိုးအင်းလေယာဉ်သည် လေဆိပ်မှ ပျံတက်ခဲ့ပြီးနောက် လေယာဉ်အင်ဂျင်စက် တစ်လုံးအတွင်းသို့ ငှက်အုပ်တစ်အုပ် ဝင်ရောက်သွားခဲ့သည်ဟု ယူဆရသဖြင့် လေယာဉ်မှူးက အရေးပေါ်ဆင်းသက်ရန် ဆုံးဖြတ် ခဲ့သည်။ အဆိုပါလေယာဉ်သည် သြစတြေးလျနိုင်ငံ ပါ့သ်မြို့သို့ ဦးတည်ပျံသန်းရန် ခရီးသည် ၂၁၆ဦးနှင့်အတူ အုတ်ကလန် လေဆိပ်မှ စတင်ပျံသန်းထွက်ခွာခဲ့သည်။

လေယာဉ် စတင်ပျံတက်အပြီး မကြာမတင်မှာပင် ဝဲဘက်အင်ဂျင်၌ ပြဿနာဖြစ်ပေါ်နေသည်ဟု လေယာဉ်မှူး က သတင်းပေးပို့ခဲ့သည်။

ဂျက်လေယာဉ်အင်ဂျင်တစ်လုံး၏ လေစုပ်ယူချိန်တွင် ငှက်အုပ်မှ ငှက်အချို့ စုပ်ယူခံခဲ့ရသည်ဟု ယူဆရပြီး လေကြောင်း ဌာန အင်ဂျင်နီယာများက စစ်ဆေးမှုများ ပြုလုပ်ခဲ့သည်။ ***အင်တာနက်။***

ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်လှမင်းအား ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ ကာကွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး Lt-Gen Nguyen Chi-Vinh ဦးဆောင်သော ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ လာရောက်တွေ့ဆုံစဉ်။

(သတင်းစဉ်)

ဗီယက်နမ် ဒုတိယဝန်ကြီးချုပ် ဦးဆောင်သော ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ ရောက်ရှိ

နေပြည်တော် ဇွန် ၉

ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ်၏ အထူးကိုယ်စားလှယ် ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ ဒုတိယဝန်ကြီးချုပ် H.E.Mr. Hoang Trung Hai ဦးဆောင်သော ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့သည် ယနေ့နံနက် ၈ နာရီ ၄၅ မိနစ်တွင် အထူးလေယာဉ်ဖြင့် နေပြည်တော်သို့ ရောက်ရှိကြသည်။

ကြိုဆိုနှုတ်ဆက်

အဆိုပါ ဗီယက်နမ်ဒုတိယဝန်ကြီးချုပ် ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာကံဇော်၊ ဌာနဆိုင်ရာအကြီးအကဲများ၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဆိုင်ရာ ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ သံအမတ်ကြီး H.E. Mr. Chu Cong Phung၊ စစ်သံမှူး Sr. Colonel Nguyen Van Vui နှင့် သံရုံးမှ တာဝန်ရှိသူများက နေပြည်တော်လေဆိပ်၌ ကြိုဆိုနှုတ်ဆက်ကြသည်။

(သတင်းစဉ်)

ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံဝန်ကြီးချုပ်၏ အထူးကိုယ်စားလှယ် ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ ဒုတိယဝန်ကြီးချုပ် H.E.Mr. Hoang Trung Hai ဦးဆောင်သော ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့အား တာဝန်ရှိသူများက နေပြည်တော်လေဆိပ်၌ ကြိုဆိုနှုတ်ဆက်ကြစဉ်။ (သတင်းစဉ်)

ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်လှမင်းအား ဗီယက်နမ်နိုင်ငံကာကွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးနှင့်အဖွဲ့ လာရောက်တွေ့ဆုံ

နေပြည်တော် ဇွန် ၉

ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်လှမင်းအား ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ ကာကွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး Lt-Gen Nguyen Chi-Vinh ဦးဆောင်သော ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့သည် ယနေ့ညနေ ၅ နာရီ ၁၅ မိနစ်တွင် နေပြည်တော်ရှိ ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၏ ဧည့်ခန်းမ၌ လာရောက်တွေ့ဆုံသည်။

ယင်းသို့တွေ့ဆုံရာတွင် ကာကွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးများဖြစ်ကြသည့် ဗိုလ်ချုပ်ကျော်ညွန့်နှင့် ဗိုလ်မှူးကြီးအောင်သော်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။ (သတင်းစဉ်)

ပင်လယ်ထက်ကနေဝန်းနီ မြန်မာရုပ်ရှင်ကားသစ် ရုံတင်

ရန်ကုန် ဇွန် ၉

ဇွန် ၁၀ ရက်(သောကြာနေ့)တွင် ရန်ကုန်မြို့လယ် ရုပ်ရှင်ရုံများ၌ မြန်မာရုပ်ရှင်ချစ်ပရိသတ်အကြိုက် မြန်မာရုပ်ရှင်ကားသစ် **ပင်လယ်ထက်က နေဝန်းနီ** ရုံတင်ပြသမည်ဖြစ်သည်။

ဤဇာတ်ကားကို studio 35 ရုပ်ရှင်ထုတ်လုပ်ရေးမှ ထုတ်လုပ်ခြင်းဖြစ်ပြီး ဇာတ်လမ်းဇာတ်ညွှန်း ဒါရိုက်တာအဖြစ် တွဲဖက်ညီသူများဖြစ်ကြသည့် အကယ်ဒမီခင်မောင်ဦးနှင့် စိုးသိန်းထွဋ်တို့ဖြစ်ကြကာ Art ဒါရိုက်တာ အကယ်ဒမီများရှင် ဦးကြည်စိုးထွန်းနှင့် Director of photography အဖြစ် ထပ်ဆင့်အကယ်ဒမီ ပန်းချီစိုးမိုးတို့က ဘက်စုံထောင့်စုံမှ အနုပညာရသပီပြင်စေရန် ဝိုင်းဝန်းအားဖြည့်ထားကြသည့်နည်းတူ studio 35 ၏ စင်တင်သရုပ်ဆောင်များကိုလည်း ပီပြင်စွာပွဲထုတ်ထားရာ တစ်မူထူးခြားသော မြန်မာရုပ်ရှင်ဇာတ်ကားအဖြစ် ရှုစားကြရမည်ဖြစ်သည်။

ပင်လယ်ထက်က နေဝန်းနီမှ လူမင်းနှင့် ဟန်လေး။

ဇာတ်လမ်းမှာ တနင်္သာရီတိုင်းဒေသကြီး ကော့သောင်းခရိုင် ဘုတ်ပြင်းမြို့နယ် တစ်ဝိုက်ရှိ ရေလုပ်သားများ၏ ဘဝကို အခြေပြုရိုက်ကူးထားရာ ပင်လယ်ပြင်၏သဘာဝအလှနှင့် ရေလုပ်သား ပင်လယ်ပျော်များ၏ ကြမ်းတမ်းလှသည့်ဘဝ တစ်စိတ်တစ်ပိုင်းကို လေ့လာနိုင်ကြမည်ဖြစ်ပြီး ပင်လယ်တွင်မွေးဖွား၊ ပင်လယ်တွင်မေတ္တာမျှကြကာ ရွှေလက်တွဲပြီး ဇာတ်သိမ်းမလှခဲ့သည့် ပင်လယ်ပျော်ချစ်သူနှစ်ဦး၏ ကြေကွဲဖွယ်ဇာတ်လမ်းကို ရင်နင့်လိုက်မောဖွယ် ခံစားရမည့် ဇာတ်ကားကောင်းတစ်ကားဖြစ်သည်။ ထပ်ဆင့်အကယ်ဒမီ လူမင်း၊ ဝေဠုကျော်၊ မင်းရဲဆက်၊ ကျော်ကျော်(studio 35)၊ ဟန်လေး (studio 35)၊ ဦးမောင်မောင်မြင့်၊ ဦးကျော်ဒိုး၊ ဟိန်းမင်း၊ ငွေလှိုင်ထွန်း၊ ကေကေမိုးမြင့်၊ မုဆိုးသီဟနှင့် အနုပညာရှင်များစွာ ပါဝင်သရုပ်ဆောင်ထားကြပြီး သမ္မတ၊ သွင်နှင့် မင်္ဂလာရုံ သုံးရုံနှင့် မော်တင်ဂျန်းရှင်း၊ Top Royal ရုံတို့တွင် ပြသမည်ဖြစ်သည်။

ငါ့နှမလေးပွသွားပြီ ဇာတ်ကားမှာမူ မြို့လယ်ဝဇီရာ၊ နဝဒေးနှင့် မဟာမြိုင်ရုံများတွင် ပြသမည်ဖြစ်သည်။

ဒီဗွီဒီဇာတ်ကားကောင်း ကြည့်ရှုလိုသူပရိသတ်များအတွက် **အချစ်+အချစ်အသစ်** ဒီဗွီဒီဇာတ်ကားကို ရွှေပဟို၊ ဘုရင့်နောင်၊ ဧရာဝတီနှင့် မြရတနာရုံများတွင် ပြသမည်ဖြစ်သည်။

နိုင်ငံခြားရုပ်ရှင်

ရွှေဆောင်ရုံတွင် ပင်လယ်ဓားပြဇာတ်ကားဖြစ်သည့် PIRATES of THE CARIBBEN: ON STRANGER TIDES ဇာတ်ကားနှင့် နေပြည်တော်ရုံတွင် နာမည်ကြီးသရုပ်ဆောင် PAUL WALKER, VIN DIESEL တို့ပါဝင်သော စွန့်စားမှု အသားပေးဇာတ်ကား FAST FIVE ပြသမည်ဖြစ်သည်။ **(ဝဲပုံ)**

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၁၀-၆-၂၀၁၁ (သောကြာနေ့)

AM & PM

- ၅:၀၀ MRTV-4 အဖွင့် Logo ပဋ္ဌာန်းပါဠိတော်+ အာဋာနာဋိယသုတ်
- ၅:၂၀ MRTV-4 သတင်း
- ၅:၅၀ "တရားဆောင်သူနှင့်မဆောင်သူ" တရားတော်
- ၆:၄၀ သံတွဲမြို့မှ အံ့ဖွယ်ထူးခြား သုံးဆူဘုရား
- ၆:၅၀ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "နွေးထွေးသောမေတ္တာ" (အပိုင်း-၃၀)**
- ၇:၃၀ MRTV-4 သတင်း
- ၈:၀၀ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "အနားမညီအချစ်" (အပိုင်း-၈၈)**
- ၈:၅၀ Activities In The City
- ၉:၀၅ အထက(၄)သာကေတ၏ မြတ်ဆရာပူဇော်ပွဲအခမ်းအနား
- ၉:၁၅ သဒ္ဓါကြည်ဖြူကုသိုလ်ယူ အမှတ်(၃)အခြေခံပညာ ဦးစီးဌာန၏ပဗ္ဗဇ္ဇအလှူ
- ၉:၃၀ Movie Talk
- ၁၀:၀၀ ရန်ကုန်မြင်ကွင်းကျယ်
- ၁၀:၁၅ ကျန်းမာပျော်ရွှင် မီးအိမ်ရှင်ကဏ္ဍ
- ၁၀:၃၀ ဖက်ရှင်လမ်းညွှန်
- ၁၁:၀၀ သူတို့ပြောတဲ့သူတို့အကြောင်း
- ၁၁:၃၀ ရန်ကုန်မြင်ကွင်းကျယ်
- ၁၁:၄၀ MRTV-4 ကာတွန်းအစီအစဉ်
- ၁၂:၁၀ ဝိဇာတပူဇာမင်္ဂလာ. . .
- ၁၂:၂၀ နိဗ္ဗာန်အကျိုးသို့မျှော်. . . လှူဒါန်းနိုင်စေသော်ဝ်
- ၁၂:၄၀ မြတ်သောအလှူ. . . ဆုထူးယူ
- ၁:၀၀ "တရားဆောင်သူနှင့်မဆောင်သူ" တရားတော်
- ၂:၀၀ MRTV-4 သတင်း
- ၂:၂၀ Style ရှိမှ Star ဖြစ်မယ်
- ၃:၂၅ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "နွေးထွေးသောမေတ္တာ" (အပိုင်း-၃၀)**
- ၄:၁၀ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "အနားမညီအချစ်" (အပိုင်း-၈၈)**
- ၅:၀၅ Activities In The City
- ၅:၂၀ ဖောင်ကြီးကျေးရွာ အင်းပါတ်တောင်မှ သာစုခေါ်သံ
- ၅:၃၀ MNL Preview
- ၆:၀၀ MRTV-4 သတင်း
- ၆:၂၀ ရှင်မင်း "လျှို့ဝှက်ချက်"တေးစီးရီး မိတ်ဆက်ပွဲအခမ်းအနား
- ၆:၄၀ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "နွေးထွေးသောမေတ္တာ" (အပိုင်း-၃၁)**
- ၇:၂၅ The Champion of Dance
- ၈:၀၀ MRTV-4 သတင်း
- ၈:၃၀ VJ Choice
- ၈:၅၅ အနုပညာမိုးကောင်းကင်
- ၉:၃၀ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "အနားမညီအချစ်" (အပိုင်း-၈၉)**
- ၁၀:၂၀ ဂီတသရုပ်ပြခန်း
- ၁၀:၄၅ နက္ခတ်ဗေဒင်ပညာရပ်ဆိုင်ရာ သိကောင်းစရာဆွေးနွေးခန်း
- ၁၁:၁၅ Fashion Talk
- ၁၁:၄၅ ဆီထွက်သီးနှံများထဲမှ "ဆီအုန်း"
- ၁၁:၅၅ World of Knowledge
- ၁၂:၄၅ ငြိမ့်ညောင်းသာယာရှုမဝ မြန်မာ့ဂီတမြန်မာ့အက
- ၁၂:၅၅ လှုပ်ရှားစုံစုံမြန်မာ့သုခမဇာတ်ခုံ
- ၁:၂၅ လူနေမှုဘဝအလှထဲက မြန်မာ့သနပ်ခါး. . .
- ၁:၄၅ ကိုယ်ပိုင်ဟန်ဖက်ရှင်
- ၂:၀၅ စေတနာအမှန်ဖြင့်. . .
- ၂:၂၀ နှယဉ်ဆန်းထွင်ပန်းအလှဆင်
- ၂:၄၀ မြန်မာကြိုက်နံ့သာဖြူပရုတ်ဆီ
- ၂:၅၀ နည်းပညာအစွမ်းထက် SOLAR HUT
- ၃:၀၀ ကဏ္ဍစုံလင် အားကစားအစီအစဉ်
- ၄:၀၀ မျိုးဂုဏ်မြင့်စေမည့် မြန်မာ့ပန်းယွန်းပညာ
- ၄:၁၅ မှိုအသားမျှင်တစ်သျှူး မျိုးပွားနည်း
- ၄:၃၀ သာသနာတော်ထွန်းကား အလှတရားဖြာဝေ ထားဝယ်မြေ

ဗိုလ်လောင်းသင်တန်း အမှတ်စဉ် (၄၅) မိသားစုများ၏ (၃၈)ကြိမ်မြောက် နှစ်ပတ်လည်နေ့အထိမ်းအမှတ်အဖြစ် ဇွန် ၂ ရက်က ဇီဝိတဒါန သံဃာ့ဆေးရုံကြီး၌ တစ်နေ့တာ ဆွမ်းအလှူနှင့် ထာဝရဆွမ်းပဒေသာပင်အတွက် ငွေကျပ်လေးသိန်း လှူဒါန်းစဉ်။

(ကြေးမုံ)



သားသမီးအပေါ် မေတ္တာထား
ပိုလီယိုကာကွယ်ဆေးဖြင့် ရောဂါတား

"ဒေသအလိုက်အမျိုးသားကာကွယ်ဆေးတိုက်နေ့များ ၂၀၁၁"

၂၀၁၁ ခုနှစ်၊ မေလ (၁၄) ရက် (စနေနေ့) (ပထမအကြိမ်)
၂၀၁၁ ခုနှစ်၊ ဇွန်လ (၁၁) ရက် (စနေနေ့) (ဒုတိယအကြိမ်)

တိုင်းဒေသကြီး/ပြည်နယ် (၉)ခုရှိ မြို့နယ်ပေါင်း (၁၂၆)မြို့နယ်

အသက် (၅)နှစ်အောက် ကလေးငယ်များအားလုံး
ပိုလီယိုကာကွယ်ဆေးတိုက်ကျွေးကြစို့

ဇွန် ၉ ရက်က ရန်ကုန်မြို့ Chatrium Hotel ၌ ကျင်းပသော (၁၁၃) ကြိမ်မြောက် ဖိလစ်ပိုင်နိုင်ငံ၏ လွတ်လပ်ရေးနေ့အထိမ်းအမှတ် ညည့်ခံပွဲနှင့် Mini Trade and Travel Exhibit အခမ်းအနားသို့ တက်ရောက်လာသော နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်နှင့်ဇနီးတို့အား ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဆိုင်ရာ ဖိလစ်ပိုင်သမ္မတနိုင်ငံ သံအမတ်ကြီး H.E. Ms.Maria Hellen M.Barber ကြိုဆိုနှုတ်ဆက်စဉ်။ (သတင်းစဉ်)

ဆင်းရဲနွမ်းပါးသော ပြည်သူများ ဝင်ငွေတိုးပွားရေး ငွေစုငွေချေးအသင်းများ ဖွဲ့စည်း၍ ချေးငွေများ ထုတ်ချေးပေး

နေပြည်တော် ဇွန် ၉

သမဝါယမဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအုန်းမြင့်သည် ဒုတိယဝန်ကြီး ဦးသန်းထွန်းနှင့် တာဝန်ရှိသူများလိုက်ပါလျက် ယနေ့ နံနက်ပိုင်းတွင် နေပြည်တော်ကောင်စီ နယ်မြေအတွင်းရှိ ကျည်တောင်ကျေးရွာ၊ အောင်ဇေယျစံပြကျေးရွာ၊ သိုက်ချောင်းကျေးရွာ၊ ရေဆင်းကျေးရွာနှင့် ညောင်ပင်ကြီးစုကျေးရွာတို့သို့ သွားရောက်၍ လက်လုပ်လက်စားအလုပ်သမားများ၊ ဆိုင်ကယ် Taxi မောင်းသူများ၊ ခေါင်းရွက်ဗျပ်ထိုး ဈေးသည်များ၊ လက်လီလက်ကားဈေးရောင်းသူများ၊ ပြည်သူများနှင့် တွေ့ဆုံကာ ကျေးလက်ဒေသဖွံ့ဖြိုးမှုနှင့် ဆင်းရဲနွမ်းပါးသော ပြည်သူများ ဝင်ငွေတိုးပွားရေးအတွက် ငွေစုငွေချေးအသင်းများ ဖွဲ့စည်းပေးပြီး ရက် ၆၀ ဆပ်စနစ်ဖြင့် ချေးငွေများကို ကိုယ်တိုင်ကိုယ်ကြပ် ထုတ်ချေးပေးခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

သမဝါယမဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအုန်းမြင့် နေပြည်တော်ကောင်စီနယ်မြေအတွင်းရှိ ကျေးရွာများ၌ ကျေးလက်ဒေသဖွံ့ဖြိုးမှုနှင့် ဆင်းရဲနွမ်းပါးသော ပြည်သူများ ဝင်ငွေတိုးပွားရေးအတွက် ချေးငွေများကို ကိုယ်တိုင်ကိုယ်ကြပ် ထုတ်ချေးပေးစဉ်။

(သတင်းစဉ်)

မြန်မာနိုင်ငံ၏ ဖြစ်ပေါ်ပြောင်းလဲမှု အသိအမှတ်ပြု စီးပွားရေးပိတ်ဆို့မှုများ ရုပ်သိမ်းရန် အချိန်တန်

နေပြည်တော် ဇွန် ၉

မေ ၃၀ ရက်မှ ဇွန် ၁၇ ရက်အထိ ဆွစ်ဇာလန်နိုင်ငံ ဂျီနီဗာမြို့တွင် ကျင်းပလျက်ရှိသည့် (၁၇)ကြိမ်မြောက် ကုလသမဂ္ဂ လူ့အခွင့်အရေးကောင်စီ အစည်းအဝေး၌ မြန်မာနိုင်ငံ၏ Universal Periodic Review (UPR)တွေ့ရှိချက် အစီရင်ခံစာနှင့် စပ်လျဉ်း၍ ဆွေးနွေးသုံးသပ် အတည်ပြုခြင်းကို ဇွန် ၈ ရက်တွင် ပြုလုပ်ကြောင်း သိရှိရသည်။

အဆိုပါ ဆွေးနွေးပွဲသို့ မြန်မာကိုယ်စားလှယ် အဖွဲ့ခေါင်းဆောင် ပြည်ထောင်စုရှေ့နေချုပ် ဒေါက်တာထွန်းရှင်နှင့် မြန်မာအဖွဲ့ရုံး ယာယီတာဝန်ခံ သံအမတ် ဦးရဲမြင့်အောင်တို့ ဦးဆောင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့ တက်ရောက်ကြသည်။

ဆွေးနွေးပွဲတွင် ပြည်ထောင်စုရှေ့နေချုပ် ဒေါက်တာထွန်းရှင်က မြန်မာနိုင်ငံ၏ လူ့အခွင့်အရေး အခြေအနေများနှင့် ပတ်သက်ပြီး ဆွေးနွေးပြောကြားကာ ၂၀၁၁ ခုနှစ် ဇန်နဝါရီလအတွင်းက UPR လုပ်ငန်းအဖွဲ့ အစည်းအဝေးတွင် မြန်မာနိုင်ငံ၏ လူ့အခွင့်အရေးအခြေအနေအပေါ် ကမ္ဘာ့နိုင်ငံများက အကြံပြုထားရှိသည့် အကြံပြုချက်များအနက် စဉ်းစားဆုံးဖြတ်ရန် ကျန်ရှိသည့် အကြံပြုချက် (၄၆)ချက်တို့အပေါ် မြန်မာနိုင်ငံအစိုးရ၏ ရပ်တည်ထားရှိချက်များကို ရှင်းလင်းပြောကြားသည်။

ယင်းနောက် ဆွေးနွေးပွဲသို့ တက်ရောက်လာကြသော နိုင်ငံပေါင်း ၁၁ နိုင်ငံတို့က တွေ့ရှိချက်အစီရင်ခံစာအပေါ် ပါဝင်ဆွေးနွေးကြပြီး ယင်းအစီရင်ခံစာအား အတည်ပြုနိုင်ရေးနှင့် ပတ်သက်၍ ထောက်ခံမှုများပေးကြသည်။

မြန်မာကိုယ်စားလှယ်အဖွဲ့ခေါင်းဆောင်က ပြန်လည်ဆွေးနွေးပြောကြားရာတွင် ယခုကဲ့သို့ နိုင်ငံများမှ ပါဝင်ဆွေးနွေးခဲ့ကြသဖြင့် ကျေးဇူးတင်ရှိကြောင်း၊ မြန်မာနိုင်ငံအစိုးရသည် ရက်ပေါင်း ၆၉ ရက်သာ သက်တမ်းရှိသေးသည့် အစိုးရတစ်ရပ်ဖြစ်သော်လည်း လူ့အခွင့်အရေး ကာကွယ်ရေးနှင့် မြှင့်တင်ရေး လုပ်ငန်းရပ်များအပေါ် နိုင်ငံရေးဆန္ဒရှိစွာဖြင့် ဆောင်ရွက်အကောင်အထည်ဖော်လျက်ရှိပြီး ယင်းသို့ အကောင်အထည်ဖော်ရာတွင် စာတွေ့နှင့်လက်တွေ့ ဆောင်ရွက်လျက်ရှိကြောင်း၊ ကုလသမဂ္ဂကဲ့သို့သော အပြည်ပြည်ဆိုင်ရာ အသိုက်အဝန်းများနှင့် ပူးပေါင်းဆောင်ရွက်မှုကို အလေးထားဆောင်ရွက်လျက်ရှိပါကြောင်း၊ ၂၀၁၁ ခုနှစ် ဇန်နဝါရီ ၁၆ ရက်က ပြုလုပ်ခဲ့သည့် အာဆီယံအစည်းအဝေးတွင် မြန်မာနိုင်ငံ ဖွံ့ဖြိုးတိုးတက်လျက်ရှိသည်ကို ရှေးရှု၍ အနောက်နိုင်ငံအချို့က ချမှတ်ထားရှိသည့် စီးပွားရေးပိတ်ဆို့မှုများကို ရုပ်သိမ်းရန် တိုက်တွန်းခဲ့ကြောင်း၊ သို့ပါ၍ နိုင်ငံတကာ အသိုင်းအဝိုင်းအနေဖြင့်လည်း မြန်မာနိုင်ငံတွင် ဖြစ်ပေါ်ပြောင်းလဲမှုများကို အသိအမှတ်ပြုလျက် စီးပွားရေး ပိတ်ဆို့မှုများကို ရုပ်သိမ်းရန် အချိန်တန်ပြီဖြစ်ကြောင်း၊ မြန်မာနိုင်ငံ၏ အနာဂတ်ကို မြန်မာနိုင်ငံသားများကသာ ဖော်ဆောင်ပေးမည်သာဖြစ်ကြောင်းဖြင့် ထည့်သွင်းပြောကြားခဲ့သည်။

ယင်းနောက် လူ့အခွင့်အရေးကောင်စီ သဘာပတိ ထိုင်းနိုင်ငံ အမြဲတမ်းကိုယ်စားလှယ် သံအမတ်ကြီး မစ္စတာ စီဟာဆပ်က မြန်မာနိုင်ငံ၏ UPR တွေ့ရှိချက်အစီရင်ခံစာကို ကန့်ကွက်သူမရှိသဖြင့် တညီတညွတ်တည်း အတည်ပြုရန် ဆုံးဖြတ်ခဲ့သည်။

ကုလသမဂ္ဂ လူ့အခွင့်အရေးကောင်စီ၏ UPR အစီအစဉ်ဖြင့် ကမ္ဘာ့နိုင်ငံများ၏ လူ့အခွင့်အရေး အခြေအနေများကို ၂၀၀၈ ခုနှစ်မှ စတင်၍ ပုံမှန် သုံးသပ်ခဲ့ရာ ယနေ့အထိ နိုင်ငံပေါင်း ၁၆၀ ၏ လူ့အခွင့်အရေး အခြေအနေများကို သုံးသပ်ခဲ့ပြီးဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ဒုတိယအကြိမ် အိမ်ထောင်စုများ၏စားဝတ်နေရေးအခြေအနေ ဘက်စုံလေ့လာမှုစစ်တမ်း တွေ့ရှိချက်များဆိုင်ရာ တိုင်းဒေသကြီးအဆင့် အလုပ်ရုံဆွေးနွေးပွဲဖွင့်ပွဲကျင်းပ

ရန်ကုန် ဇွန် ၉

အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန စီမံကိန်းရေးဆွဲရေးဦးစီးဌာနနှင့် ကုလသမဂ္ဂဖွံ့ဖြိုးမှုအစီအစဉ်(UNDP)၊ ကုလသမဂ္ဂ ကလေးများရန်ပုံငွေအဖွဲ့ (UNICEF)၊ ဆွီဒင်အပြည်ပြည်ဆိုင်ရာ ဖွံ့ဖြိုးမှုပူးပေါင်းဆောင်ရွက်ရေး အေဂျင်စီ (SIDA)တို့ ပူးပေါင်းဆောင်ရွက်ခဲ့သည့် ဒုတိယအကြိမ် အိမ်ထောင်စုများ၏ စားဝတ်နေရေးအခြေအနေ ဘက်စုံလေ့လာမှု စစ်တမ်း(၂၀၁၀) တွေ့ရှိချက်များဆိုင်ရာ တိုင်းဒေသကြီးအဆင့် အလုပ်ရုံဆွေးနွေးပွဲ ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၉ နာရီတွင် ရန်ကုန်မြို့ရှိ ဆီဒိုးနားဟိုတယ်၌ကျင်းပရာ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြင့်ဆွေ တက်ရောက် အမှာစကားပြောကြားသည်။

ထို့နောက် ကုလသမဂ္ဂဖွံ့ဖြိုးမှုအစီအစဉ်မှ အကြီးတန်းဒုတိယဌာနေကိုယ်စားလှယ် Mr. Akbar Usmani နှင့် ဆွီဒင်အပြည်ပြည်ဆိုင်ရာ ဖွံ့ဖြိုးမှုပူးပေါင်းဆောင်ရွက်ရေး အေဂျင်စီမှ မြန်မာနိုင်ငံဆိုင်ရာ တာဝန်ခံ Mr. Bengt Ekmam တို့က အမှာစကား ပြောကြားကြသည်။

ဖွင့်ပွဲအခမ်းအနား အပြီးတွင် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်အဖွဲ့ဝင်များ၊ ဧည့်သည်တော်များသည် အမှတ်တရဓာတ်ပုံရိုက်ကြပြီး အလုပ်ရုံဆွေးနွေးပွဲကို နံနက် ၉ နာရီမှ ညနေ ၅ နာရီအထိ ကျင်းပခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြင့်ဆွေ ဒုတိယအကြိမ် အိမ်ထောင်စုများ၏ စားဝတ်နေရေးအခြေအနေ ဘက်စုံလေ့လာမှုစစ်တမ်း(၂၀၁၀)တွေ့ရှိချက်များဆိုင်ရာ တိုင်းဒေသကြီးအဆင့် အလုပ်ရုံဆွေးနွေးပွဲ ဖွင့်ပွဲအခမ်းအနားတွင် အမှာစကားပြောကြားစဉ်။

(သတင်းစဉ်)





ဉာဏ်ဝင်း(ဇီးကုန်း)၏ မော်ဒန်ဒီပလိုမေစီစာအုပ် ထုတ်ဝေဖြန့်ချိ

စာရေးသူ ဉာဏ်ဝင်း(ဇီးကုန်း)၏ "မော်ဒန်ဒီပလိုမေစီ" စာအုပ်ကို ထုတ်ဝေဖြန့်ချိလိုက်သည်။ ယင်းစာအုပ်တွင် သံခင်းတမန်ခင်း (Diplomacy)ဆိုသည်မှာ နိုင်ငံအချင်းချင်းအကြား ထိတွေ့ဆက်ဆံမှုမျိုး ဖြစ်သည့်အပြင် နိုင်ငံကိုကိုယ်စားမပြုသော လူပုဂ္ဂိုလ်/အဖွဲ့အစည်းများအကြား ထိတွေ့ဆက်ဆံမှု တစ်မျိုးလည်းဖြစ်ကြောင်း၊ ရှေးအခါက "ရေနံဒီပလိုမေစီ"၊ "ပင်ပေါင် ဒီပလိုမေစီ"၊ "Gun - boat ဒီပလိုမေစီ"၊ "လေယူရာတိမ်း ဒီပလိုမေစီ"၊ "ရေလိုက်ငါးလိုက် ဒီပလိုမေစီ" စသည်ဖြင့် ကဏ္ဍအမျိုးမျိုးတွင် ကျင့်သုံးလာရာမှ ယခုအချိန်အခါတွင် ဒီပလိုမေစီသည် ပိုမိုရှုပ်ထွေး ကျယ်ပြန့်လာပြီး မှန်ခြင်းမှားခြင်း မည်သို့ပင်ရှိစေကာမူ ကိုယ်ကျိုးစီးပွား တိုးတက်မှုရရှိရေး၊ ကိုယ်ကျိုးစီးပွားထိခိုက်မှု အန္တရာယ်မရှိရေးတို့အတွက်သာ ဦးတည်ပြီး ရပ်တည်ဆောင်ရွက်သော "မော်ဒန်ဒီပလိုမေစီ" ခေတ်သို့ ရောက်ရှိနေပြီ ဖြစ်ကြောင်း ဖော်ပြထားသည်။

စာရေးသူ ဉာဏ်ဝင်း(ဇီးကုန်း)သည် အင်္ဂလန်နိုင်ငံ ရီဒင်းတက္ကသိုလ်မှ ပါမောက္ခ R. P. Barston ရေးသားသော "Modern Diplomacy" စာအုပ်၏ အခြေခံကျောရိုးပေါ်၌ ၎င်း၏ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီးအဖြစ် (၆)နှစ်ကျော် တာဝန်ထမ်းဆောင်စဉ်ကာလအတွင်း ရင်ဆိုင်ခဲ့ရသည့် သင်ခန်းစာများ၊ အတွေ့အကြုံနှင့် အတွေးအမြင်များကို ပေါင်းစပ်၍ ဤစာအုပ်ကို ပြုစုရေးသားခဲ့ခြင်းဖြစ်ရာ သံတမန်များသာမက အများပြည်သူတို့ လေ့လာဖတ်ရှုရန် သင့်လျော်ကောင်းမွန်သော စာအုပ်တစ်အုပ်ဖြစ်သည်။

အဆိုပါစာအုပ်ကို စိုးမိုးအောင်မြင် စာပေတိုက်က ပွဲဦးထွက်အဖြစ် ထုတ်ဝေဖြန့်ချိပြီး တန်ဖိုးငွေကျပ် ၃၀၀၀ ဖြစ်သည်။

ပခုက္ကူဦးအုံးဖေစာပေဆုရ စာအုပ်များဖြန့်ချိ

ပြန်ကြားရေးဝန်ကြီးဌာန ပုံနှိပ်ရေးနှင့် စာအုပ်ထုတ်ဝေရေးလုပ်ငန်း စာပေဗိမာန်က ၂၀၀၉ ခုနှစ် ပခုက္ကူဦးအုံးဖေစာပေဆု ဝတ္ထုတိုပေါင်းချုပ် ဒုတိယဆုရ သွဲ့ထားညို(သက္ကလ) ရေးသားသည့် သောင်ယံကမ်းမှ အလွမ်းလက်ကျန်နှင့် အခြားဝတ္ထုတိုများ စာအုပ်ကို ဖြန့်ချိရောင်းချနေပြီ ဖြစ်သည်။

အဆိုပါစာအုပ်တွင် ရှုံးကျွဲ၊ အလှည့်ကျမန္တဲ့စတမ်း၊ မမှန်သောသစ္စာ၊ ကမ်းနားသစ်ပင်အစရှိသည့် ဝတ္ထုတိုပေါင်း ၁၀ ပုဒ်ဖြင့် ရေးဖွဲ့ထားသည်။ အဆိုပါစာအုပ်ကို စာပေဗိမာန် စာအုပ်ဆိုင် အမှတ်(တ-၅၅) သပြေကုန်းဈေး နေပြည်တော် ဖုန်း-၀၆၇-၄၁၄၆၈၁၊ စာပေဗိမာန်စာအုပ်ဆိုင် အမှတ်(၅၂၉/၅၃၁) ကုန်သည်လမ်း ရန်ကုန်မြို့ ဖုန်း-၀၁-၂၄၉၀၃၁ စာပေဗိမာန်စာအုပ်ဆိုင် မန္တလေးမြို့ ဖုန်း-၀၂-၆၂၉၃၁နှင့် မြို့အသီးသီးရှိ စာပေဗိမာန် ကိုယ်စားလှယ်များထံ ဆက်သွယ်ဝယ်ယူရရှိနိုင်သည်။

ကြည့်ရှု လေ့လာ

ထိုင်းဘုရင့် တပ်မတော် ကာကွယ်ရေးဦးစီးချုပ် General Songkitti Jaggabatara နှင့် ဇနီးတို့ မန္တလေးတောင်တော်ပေါ်မှ မန္တလေးမြို့၏ ရှုခင်းများနှင့် နေဝင်ဆည်းဆာအလှတို့ကို ကြည့်ရှုလေ့လာကြစဉ်။

(သတင်းစဉ်)

ထိုင်းဘုရင့်တပ်မတော် ကာကွယ်ရေးဦးစီးချုပ်နှင့် ဇနီးတို့ ဦးဆောင်သော ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ မန္တလေးမြို့၌ ကြည့်ရှုလေ့လာ

နေပြည်တော် ဇွန် ၉

ထိုင်းဘုရင့်တပ်မတော် က ာကွယ်ရေးဦးစီးချုပ် General Songkitti Jaggabatara နှင့် ဇနီးတို့ ဦးဆောင်သော ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့သည် ဇွန် ၈ ရက် ညနေပိုင်းတွင် နေပြည်တော်မှ မန္တလေးမြို့သို့ ထိုင်းဘုရင့်တပ်မတော် အထူးလေယာဉ်ဖြင့် ရောက်ရှိကြရာ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ရဲအောင်နှင့် ဇနီးနှင့် တပ်မတော်အရာရှိကြီးများက မန္တလေးအပြည်ပြည်ဆိုင်ရာလေဆိပ်၌ ကြိုဆိုနှုတ်ဆက်ကြသည်။

ထို့နောက် ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့သည် မန္တလေးတောင်တော်ရှိ ဆုတောင်းပြည့်ဗုဒ္ဓရုပ်ပွားတော်မြတ်အား သွားရောက်ဖူးမြော် ကြည်ညိုကြပြီး မန္တလေးတောင်တော်ပေါ်မှ မန္တလေးမြို့၏ ရှုခင်းများနှင့် နေဝင်ဆည်းဆာအလှတို့ကို ကြည့်ရှုလေ့လာကြသည်။

ယင်းနောက် ထိုင်းဘုရင့်တပ်မတော် ကာကွယ်ရေးဦးစီးချုပ်နှင့် ဇနီးတို့ ဦးဆောင်သော ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ဝင်များအား တိုင်းမှူးနှင့် ဇနီးတို့က ညပိုင်းတွင် မန္တလေးမြို့ ဆီဒိုးနားဟိုတယ်၌ ဂုဏ်ပြုညစာစားပွဲဖြင့် တည်ခင်းဧည့်ခံသည်။

ထိုင်းဘုရင့်တပ်မတော် ကာကွယ်ရေးဦးစီးချုပ်နှင့် ဇနီးတို့ ဦးဆောင်သော ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့သည် ဇွန် ၉ ရက် နံနက်ပိုင်းတွင် မန္တလေးမြို့အတွင်း လှည့်လည်ကြည့်ရှု လေ့လာခဲ့ကြကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ရန်ကုန်မြို့နေ ဗိုလ်မှူးကြီးမင်းဆွေ(ငြိမ်း)-ဒေါ်မြင့်မြင့်သန်း မိသားစုက ဒိုက်ဦးမြို့ ကန်ဦး အထက ပညာရေးပဒေသာပင် ဖောင်ဒေးရှင်းသို့ "ကန်ဦး ဖောင်ဒေးရှင်း ပညာသင်ဆု" အတွက် အလှူငွေကျပ်ငါးသိန်းကို ဖောင်ဒေးရှင်း နာယက ဦးထွန်းတင်(သစ်ဆန်းထွန်း)နှင့် ဥက္ကဋ္ဌ ဦးစိုးဝင်း (ဆင်သရဖူ)တို့ထံ ပေးအပ်လှူဒါန်းစဉ်။ (ကြေးမုံ)

ပြည်တွင်းအားကစားသတင်းများ 　 ပြည်တွင်းအားကစားသတင်းများ 　 ပြည်တွင်းအားကစားသတင်းများ

နေပြည်တော်ဝန်ကြီးဌာနပေါင်းစုံ အမျိုးသားဘောလုံးပြိုင်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေး ပထမအကြိမ် ပေါင်းစပ်ညှိနှိုင်းစည်းဝေး

နေပြည်တော် ဇွန် ၉

၂၀၁၁ ခုနှစ် ပဉ္စမအကြိမ် နေပြည်တော်ဝန်ကြီးဌာနပေါင်းစုံ အမျိုးသားဘောလုံးပြိုင်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး ပထမအကြိမ် ပေါင်းစပ်ညှိနှိုင်း အစည်းအဝေးကို ယနေ့ နံနက် ၁၁ နာရီတွင် နေပြည်တော်ရှိ အားကစားဝန်ကြီးဌာန စုပေါင်းခန်းမ၌ ကျင်းပရာ အားကစားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအေးမြင့်ကြူက အမှာစကားပြောကြားရာတွင် နေပြည်တော်၌ တာဝန်ထမ်းဆောင်လျက်ရှိသော ဝန်ထမ်းများနှင့် ဝန်ထမ်းမိသားစုများ ကျန်းမာကြံ့ခိုင်ပြီး ပျော်ရွှင်မှုရရှိစေရန်၊ ဝန်ထမ်းအချင်းချင်း စည်းလုံးညီညွတ်မှုရရှိပြီး လုပ်ငန်းတာဝန်များထမ်းဆောင်ရာတွင် အားသစ် အင်သစ်ဖြင့် ရွှင်လန်းတက်ကြွနေစေရန်နှင့် တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေးဟူသော လူမှုရေးဦးတည်ချက်နှင့် တိုက်ရိုက်သက်ဆိုင်နေသည့် နိုင်ငံတော်၏ အားကစားအဆင့်အတန်း တိုးတက်မြင့်မားရေးလုပ်ငန်းများ အောင်မြင်ရေး ဝန်ကြီးဌာနများအားလုံး ပူးပေါင်းအကောင်အထည်ဖော် ဆောင်ရွက်သွားကြရန် ပြောကြားသည်။

ဆက်လက်၍ အားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသောင်းထိုက်က ယမန်နှစ်ပြိုင်ပွဲများ၏ အခြေအနေများကို သုံးသပ်ဆွေးနွေး တင်ပြသည်။

ထို့နောက် ပြိုင်ပွဲကျင်းပရေးနှင့် စပ်လျဉ်းသည့် သက်ဆိုင်ရာဌာနများက လည်းကောင်း၊ ဝန်ကြီးဌာန ကိုယ်စားလှယ်များက လည်းကောင်း ဆွေးနွေးတင်ပြကြသည်။

(သတင်းစဉ်)

ဂျီတီအိုင်ကျောင်းသားဟောင်းများ ဂေါက်သီးရိုက်ပြိုင်ပွဲ ကျင်းပမည်

ရန်ကုန် ဇွန် ၉

ဂျီတီအိုင်ကျောင်းသားဟောင်းများ၏ (၁၄)ကြိမ်မြောက် ဂေါက်သီးရိုက်ပြိုင်ပွဲကို ဇွန် ၁၉ ရက်(တနင်္ဂနွေနေ့) နံနက် ၁၁ နာရီမှစ၍ ရန်ကုန်မြို့ Royal Mingalardone Golf & Country Club ၌ ကျင်းပမည်ဖြစ်သည်။

ပြိုင်ပွဲဝင်လိုသူများသည် ဦးခင်ဇ (ရုံးအဖွဲ့မှူး) ဖုန်း-၅၁၉၈၆၃ သို့ ဆက်သွယ် စာရင်းပေးသွင်းနိုင်ပြီး (အရုံဦးဆောက်လုပ်ရေးကုမ္ပဏီ)မှ ပံ့ပိုးကူညီမည်ဟု သိရသည်။ (ကြေးမုံ)

အပြည်ပြည်ဆိုင်ရာ တင်းနစ်ပြိုင်ပွဲများတွင် ပါဝင်ယှဉ်ပြိုင်ရန် တင်းနစ်လက်ရွေးစင်များ လေ့ကျင့်လျက်ရှိ

ရန်ကုန် ဇွန် ၉

အပြည်ပြည်ဆိုင်ရာ တင်းနစ်ပြိုင်ပွဲများတွင် ပါဝင်ယှဉ်ပြိုင်ရန် ပဏာမ တင်းနစ်လက်ရွေးစင်များအား ရွေးချယ်ပြီး ရန်ကုန်မြို့ သိမ်ဖြူတင်းနစ်ကွင်း၌ လေ့ကျင့်ပေးလျက်ရှိသည်။

၂၀၁၁ ခုနှစ် အပြည်ပြည်ဆိုင်ရာ တင်းနစ်ပြိုင်ပွဲများနှင့် (၂၆)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲများ၌ မြန်မာတင်းနစ်အားကစားမောင်မယ်တို့ အောင်မြင်မှုရရှိစေရေးအတွက် ပဏာမ တင်းနစ်လက်ရွေးစင်များအား တစ်နေ့နှစ်ကြိမ် လေ့ကျင့်မှုများ ပြုလုပ်ပေးလျက်ရှိသည်။

ပဏာမ မြန်မာတင်းနစ်လက်ရွေးစင်များမှာ မင်းမင်း၊ ဖြိုးမင်းသာ၊ အောင်ကျော်နိုင်၊ ဇင်ဘို၊ တင်မျိုးဝေ၊ နောင်စည်သူဇော်၊ ဇူးဇူး၊ နီလာဝင်း၊ သန္တာအောင်၊ ယဉ်သူဇာလွင်၊ ဇင်မာထွေးနှင့် ခိုင်ငြိမ်းသာတို့ ပါဝင်ကြကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

နိုင်ငံတကာအားကစားသတင်းများ 　 နိုင်ငံတကာအားကစားသတင်းများ 　 နိုင်ငံတကာအားကစားသတင်းများ

နေမာကို အလိုရှိက ပေါင် ၄၁ သန်းပေးရမည်

ဘရာဇီးလီးယား ဇွန် ၉

ချယ်လ်ဆီးအသင်းက ခေါ်ယူရန် အဓိကပစ်မှတ်ထားနေသည့် ဆန်းတို့စ်

ပေါင် ၄၁ သန်း ဈေးခေါ်လိုက်သည့် ဆန်းတို့စ်တိုက်စစ်မှူး နေမာ။

အသင်းမှ ဘရာဇီးတိုက်စစ်မှူး နေမာကို ပေါင် ၄၁ သန်းရမှ ရောင်းချမည်ဟု အသင်းဘုတ်အဖွဲ့က တရားဝင်ထုတ်ပြန်ကြေညာလိုက်ကြောင်းသိရသည်။

ချယ်လ်ဆီးအနေဖြင့် နေမာကို ပြီးခဲ့သည့်နှစ်က ပေါင် ၃၂ သန်းပေး၍ ကမ်းလှမ်းခဲ့သော်လည်း ကာယကံရှင်ကိုယ်တိုင်က ဆန်းတို့စ်တွင်သာ နေလိုသည်ဟု ထုတ်ဖော်ပြောဆိုခဲ့သည်။ ယခုအချိန်တွင်မူ ၎င်းကိုယ်တိုင်က ပရီမီယာလိဂ်သို့ သွားရောက်ကစားလိုသည်ဟု အရိပ်အမြွက် ပြောဆိုလာခြင်းကြောင့် ချယ်လ်ဆီး၏ ကြိုးပမ်းမှုက ထပ်မံအသက်ဝင်လာခဲ့ပြန်သည်။ သို့သော် ဆန်းတို့စ်အသင်းက မိမိတို့၏ကစားသမားအတွက် ပေါင် ၄၁ သန်းမရက လုံးဝရောင်းချမည်မဟုတ်ဟု အခိုင်အမာ ပြောဆိုထားသည်။ ထို့ကြောင့် ချယ်လ်ဆီးအနေဖြင့် နေမာတစ်ဦးတည်းအတွက် ပေါင် ၄၁ သန်း အသုံးပြုရမည်မှာ အနည်းငယ်ခက်ခဲဖွယ်ရှိနေသည်။ မည်သို့ပင်ဆိုစေ နေမာသည် အသင်းပိုင်ရှင် အေဗရာမိုဗစ်ချ် အကြိုက်တွေ့သည့် ကစားသမားဆိုလျှင် မည်သည့်ဈေးမဆို ပေးရန် အဆင်သင့်ရှိနေမည်ဖြစ်သည်။

ESPN။

မာတင်ဂျိုးလ် ဖူလ်ဟမ်နည်းပြဖြစ်လာ

လန်ဒန် ဇွန် ၉

၂၀၀၇ ခုနှစ်က စပါးအသင်းမှ ထုတ်ပယ်ခြင်းခံခဲ့ရသည့် မာတင်ဂျိုးလ်သည် ယခုအချိန်တွင် ဖူလ်ဟမ်အသင်းအား ကိုင်တွယ်ရန် နှစ်နှစ်သက်တမ်းရှိ စာချုပ်တစ်ရပ် ချုပ်ဆိုနိုင်ခဲ့ပြီဟု သိရသည်။

မာတင်ဂျိုးလ်သည် ထိုသို့ ဖူလ်ဟမ်အသင်းနှင့် နှစ်နှစ်စာချုပ်ချုပ်ဆိုရာတွင် ၎င်း၏ အရည်အချင်းပေါ်မူတည်၍ နောက်ထပ် တစ်နှစ်ထပ်တိုးနိုင်မည့် အချက်ကို ထည့်သွင်းချုပ်ဆိုထားသည်။ အသက်(၅၅)နှစ်ရှိ အဆိုပါ ဒတ်ချ်နည်းပြက ဖူလ်ဟမ်အသင်းကို ကိုင်တွယ်ရမည်မှာ မိမိအတွက် ဝမ်းသာစရာပင်ဖြစ်ကြောင်း၊ အစဉ်အလာရှိသည့်အသင်းကို အောင်မြင်အောင် စွမ်းဆောင်ပေးရန် ရည်မှန်းထားကြောင်း ပြောကြားခဲ့သည်။

ESPN။

ဖူလ်ဟမ်နည်းပြ ဖြစ်လာသည့် မာတင်ဂျိုးလ်။

ဟန်သစ်

ဖီးလ်ဂျုံးစ် မန်ယူသို့ပြောင်းရွှေ့ရန် သဘောတူညီမှုရရှိ

မန်ချက်စတာ ဇွန် ၉

မန်ယူအသင်းသည် ဘလက်ဘန်းအသင်းမှ အင်္ဂလန်ယူ-၂၁ လက်ရွေးစင် ကစားသမား ဖီးလ်ဂျုံးစ်ကို ပေါင် ၁၆ ဒသမ ၅ သန်းဖြင့် ခေါ်ယူရန် သဘောတူညီမှု ရရှိခဲ့ပြီဟု သိရသည်။

မန်ယူအသင်းသည် အဆိုပါ အသက် (၁၉)နှစ်ရှိ ဘလက်ဘန်းနောက်ခံကစားသမားအား ငါးနှစ်စာချုပ်ချုပ်ဆိုမည်ဖြစ်ပြီး တစ်ပတ်လုပ်ခလစာ ပေါင်လေးသောင်းပေးရမည်ဖြစ်သည်။ ထို့ပြင် မန်ယူအသင်းသည် အက်သလက်တီကိုမက်ဒရစ်ဂိုးသမား ဒေးဗစ်ဒီဂီယာကို ပေါင် ၁၈ ဒသမ ၃ သန်းဖြင့် ခေါ်ယူရန် သဘောတူညီမှုရရှိထားပြီးဖြစ်ခြင်းကြောင့် လက်ရှိမန်ယူ၏ အသုံးစရိတ်မှာ ပေါင် ၃၅ သန်းခန့်ရှိသွားပြီဖြစ်သည်။ လာမည့်ဘောလုံးရာသီတွင် မန်ယူအသင်း၌ မြင်တွေ့ရတော့မည့် ဖီးလ်ဂျုံးစ်သည် လက်ရှိအချိန်တွင် ဥရောပယူ-၂၁ ဘောလုံးပြိုင်ပွဲကစားရန် အင်္ဂလန်အသင်းနှင့်အတူ ဒိန်းမတ်သို့ ရောက်ရှိနေပြီ ဖြစ်သည်။

မန်ယူသို့ပြောင်းရွှေ့ရန် သဘောတူညီမှု ရရှိထားပြီးဖြစ်သည့် ဘလက်ဘန်း နောက်ခံလူ ဖီးလ်ဂျုံးစ်။

The Sun။

❏ တည်ငြိမ်အေးချမ်းမှ တိုင်းပြည် ဖွံ့ဖြိုးတိုးတက်မည်။
❏ တည်ငြိမ်အေးချမ်းမှ ဒီမိုကရေစီ ဖော်ဆောင်အောင်မြင်နိုင်မည်။

❏ မင်းမဲ့စရိုက်ဖြင့် ဒီမိုကရေစီမရနိုင်။
❏ ဆူပူမှုဖြင့် ဒီမိုကရေစီမရနိုင်။
❏ အခြေခံဥပဒေဖြင့်သာ ဒီမိုကရေစီရနိုင်သည်။

ပြည်သူ့ဆန္ဒသဘောထား

☆ တည်ငြိမ်အေးချမ်းမှုကို လိုလားသည်။
☆ ဖွံ့ဖြိုးတိုးတက်မှုကို လိုလားသည်။
☆ ဆူပူအကြမ်းဖက်မှုကို မလိုလား။
☆ ဆူပူအကြမ်းဖက်မှု ဖန်တီးသူများ - ဝိုင်းဝန်းဖယ်ရှား။

☆ VOA, BBC - ရန်တိုက်ပေးနေသည်။
☆ RFA, DVB - သွေးထိုးနေသည်။
☆ ခလောက်ဆန် အကောက်ကြံ လေလှိုင်းသံ လူသတ်သမား - နားမယောင်လေနဲ့ သတိထား။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယသမ္မတ သီဟသူရဦးတင်အောင်မြင့်ဦးနှင့် ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ ဒုတိယဝန်ကြီးချုပ်တို့ တွေ့ဆုံဆွေးနွေး

ဒုတိယသမ္မတ သီဟသူရ ဦးတင်အောင်မြင့်ဦးနှင့် ဗီယက်နမ်ဆိုရှယ်လစ် သမ္မတနိုင်ငံ ဝန်ကြီးချုပ်၏ အထူးကိုယ်စားလှယ် ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ ဒုတိယဝန်ကြီးချုပ် H.E. Mr. Hoang Trung Hai တို့ နေပြည်တော်ရှိ နိုင်ငံတော် သမ္မတရုံး ဆွေးနွေးပွဲခန်းမ၌ တွေ့ဆုံဆွေးနွေးစဉ်။ (သတင်းစဉ်)

နေပြည်တော် ဇွန် ၉

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယသမ္မတ သီဟသူရဦးတင်အောင်မြင့်ဦးနှင့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်တွင် ချစ်ကြည်ရေးခရီး အလည်အပတ်ရောက်ရှိနေသည့် ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ်၏ အထူးကိုယ်စားလှယ် ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ ဒုတိယဝန်ကြီးချုပ် H.E. Mr. Hoang Trung Hai တို့၏ တွေ့ဆုံဆွေးနွေးပွဲကို ယနေ့မွန်းလွဲ ၂ နာရီ ၁၀ မိနစ်တွင် နေပြည်တော်ရှိ နိုင်ငံတော်သမ္မတရုံး ဆွေးနွေးပွဲခန်းမ၌ ကျင်းပသည်။

တွေ့ဆုံဆွေးနွေးပွဲသို့ ဒုတိယသမ္မတ သီဟသူရဦးတင်အောင်မြင့်ဦးနှင့်အတူ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန၊ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု ဝန်ကြီးဌာန၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနနှင့် သတ္တုတွင်းဝန်ကြီးဌာနတို့မှ ပြည်ထောင်စုဝန်ကြီးများ၊ ပြည်ထဲရေးဝန်ကြီးဌာန၊ နိုင်ငံခြားရေးဝန်ကြီးဌာန၊ မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန၊ ပို့ဆောင်ရေးဝန်ကြီးဌာနနှင့် အမှတ်(၁) စက်မှုဝန်ကြီးဌာနတို့မှ ဒုတိယဝန်ကြီးများနှင့် ဌာနဆိုင်ရာအကြီးအကဲများ တက်ရောက်ကြပြီး ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ ဒုတိယဝန်ကြီးချုပ် H.E. Mr. Hoang Trung Haiနှင့်အတူ ချစ်ကြည်ရေးကိုယ်စားလှယ် အဖွဲ့ဝင်များနှင့်

စာမျက်နှာ ၃ ကော်လံ ၁ သို့ ❍